ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (25-4-2005)(၄၅၇၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ရပ်ကွက်၌ တည်ထားကိုးကွယ်သော လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို၍ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဆပ်သွားဖူးတော်တို့ကို လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်သည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဆပ်သွားဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြစဉ်။ (အပေါ်ပုံ) **နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**
(ယာပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၄-၂၀၀၅
(တနင်္လာနေ့)

နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တက်ကြွစွာပါဝင် မှန်မြတ်သောရည်မှန်းချက်များ ကြိုးပမ်းဖော်ဆောင်

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၂ ရက်နေ့က ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လုပ်ငန်းဆိုင်ရာများ မှာကြားရာတွင် **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဥပဒေကို ကိုယ်စားပြုပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းကျောင်းနေရသည့်အဖွဲ့အစည်း၊ လက်နက်ကိုင်ထားသည့်အဖွဲ့အစည်း၊ ပြည်သူများနှင့် အမြဲထိတွေ့ဆက်ဆံနေရသည့်အဖွဲ့အစည်း ဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ကို အနှစ်သာရရော၊ ပုံသဏ္ဌာန်ပါ အခြေခံကျကျ ပြောင်းလဲလာအောင် ၁၉၉၅ ခုနှစ်မှစပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း** ပြောကြားသွားသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏ လမ်းညွှန်ကြပ်မတ်မှုများနှင့်အညီ မိမိတပ်ဖွဲ့၏ တိုးတက်ပြောင်းလဲမှုများကို ဖော်ဆောင်ရင်း နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ရှေ့တန်းကပါဝင်ထမ်းဆောင်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ အုပ်ချုပ်ရေးယန္တရားများကိုကြည့်လျှင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားမှု မည်သို့ပင် ရှိစေကာမူ ရဲတပ်ဖွဲ့သည် အုပ်ချုပ်ရေးယန္တရားတစ်ရပ်၏ အင်္ဂါစဉ်တစ်ခုအဖြစ် ရပ်တည်ပါဝင်စမြဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာ၌ သွက်လက်ထက်မြက်ပြီး သန့်ရှင်းစင်ကြယ်သည့် အုပ်ချုပ်ရေးယန္တရားမှာ တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ခေတ်သစ်ထူထောင်ရေး၊ တိုင်းပြုပြည်ပြုထူထောင်ရေးလုပ်ငန်းနှင့် ရဲတပ်ဖွဲ့၏ လုပ်ငန်းစနစ်တစ်ခုလုံး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများမှာ ဆက်စပ်နေသည်ကို နှစ်နှစ်ကာကာ နားလည်ခံယူကြရမည်ဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တစ်ဖက်က ရဲလုပ်ငန်းများကို လုပ်ကိုင်နေသကဲ့သို့ တစ်ဖက်ကလည်း ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝပြည့်စုံရေး၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကျယ်ပြန့်သော အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ကြရသည်။

ထို့ကြောင့် မိမိတို့တာဝန်ပိုင်း၏ လေးနက်မှုကိုနားလည်ရန် အရေးကြီးသကဲ့သို့ နိုင်ငံတော်၏ မူဝါဒများကိုလည်း အမြဲတမ်းလေ့လာဆည်းပူးပြီး မှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ ထို့ပြင် မိမိတို့၏ အရည်အသွေးနှင့် စွမ်းရည်ထက်မြက်နေအောင် ကြိုးစားဖြည့်ဆည်းရင်း ပြည်သူကို အလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်နှင့် ဒို့တာဝန်အရေးသုံးပါး ဖြစ်သည့် အမျိုးသားရေးခံယူချက်တို့ကို အမြဲရှင်သန်ခိုင်မာအောင်၊ ယုံကြည်ချက် မှန်ကန်အောင် အစဉ်ပြုပြင်နေကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ထမ်းဆောင်ရင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်တပ်ဖွဲ့၊ စွမ်းရည်ထက်မြက်ပြီး ခေတ်မီသည့်တပ်ဖွဲ့၊ ပြည်သူလေးစားအားကိုးသည့်တပ်ဖွဲ့ဟူသည့် ရဲတပ်ဖွဲ့၏ မှန်မြတ်သောရည်မှန်းချက်များကို ကြိုးပမ်းဖော်ဆောင်သွားနိုင်မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ကြည်ညိုပူဇော်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ ပူဇော်ပွဲမင်္ဂလာ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက်၇နာရီတွင် စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို ပူဇော်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ဆက်ကပ် တင်လှူပူဇော်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ကျောက်တန်းမြို့နယ် မင်းကျောင်းပရိယတ္တိ စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဇာဂရ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ သန်လျင် တပ်နယ်မှူး ဗိုလ်မှူးချုပ် မောင်ဦးလွင်၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ပြည့်နှင့် တာဝန်ရှိသူများ၊ သာသနာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စေတီတော် ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊စေတနာရှင်အလှူရှင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံဆင့်များ ဆက်ကပ်ခြင်း အခမ်းအနားကို စေတီတော်ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ကျောက်တန်းမြို့နယ် မင်းကျောင်း ပရိယတ္တိစာသင်တိုက် နာယက ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စေတီတော် အထွတ်သို့ တင်လှူ ပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လျှောက်ထား

ယင်းနောက် စေတီတော် ဂေါပကအဖွဲ့ဝင် ဦးစိုးဝင်းက စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ အမှားအယွင်းနှင့်မပြည့်စုံခြင်းရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ကျောက်တန်းမြို့နယ် မင်းကျောင်းပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဇာဂရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အပူဇော်ခံ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများသည် ဒေဝါဝင်းခြံရံကာ စေတီတော် အထွတ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို ပင့်ဆောင်လျက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် အပူဇော်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုတို့သည် ရွှေထီးတော် ပထမ ဘုံဆင့်မှစ၍ ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။

ရွတ်ဆိုပူဇော်

ယင်းနောက် စေတီတော်အထွတ်၌ တင်လှူပူဇော်ပြီးဖြစ်သည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇေယျန္တောဇောဓိယာမူလေ အစရှိ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ဆုတောင်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တင်လှူပူဇော်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်စဉ်။ (ရန်ကုန်တိုင်း)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

❀ ရှေ့ဖုံးမှ

တိုင်းနှင့် မြို့နယ်သံဃနာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် သာသနာ့ဝန်ထမ်းဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထိုအချိန်တွင် မင်္ဂလာဒွေခရာနှင့် အောင်စည်အောင်မောင်းများ သုံးကြိမ်တီးမှုတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဉပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဉပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကိုယူဆောင်၍ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က စေတီတော်မြတ်ကြီးအားရည်မှန်း၍ စိန်ဖူးတော်၊ ဌာပနာတော်များနှင့်လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက **စာမျက်နှာ ၅ ကော်လံ ၁ သို့ ➪**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကစာတင်မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော်ထံမှ နဝင်္ဂသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း ငှက်မြတ်နားတော်၊ ဌာပနာတော်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ရွှေထီးတော်ဘုံဆင့်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဆပ်သွားဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ ရွှေထီးတော်ဘုံဆင့်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာရှနှင့်အာဖရိကနိုင်ငံများ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် အင်ဒိုနီးရှားတိုက်တွန်း

ဂျကာတာ ဧပြီ ၂၂

အာရှနှင့်အာဖရိကတိုက် နှစ်တိုက်ရှိနိုင်ငံများသည် ယင်းတို့၏ ဈေးကွက်များကို ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်ပေးခြင်းဖြင့် တိုက်ကြီးနှစ်တိုက်အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ၌ ပိုမိုအားကောင်းအောင် ဆောင်ရွက်သင့်ကြောင်း အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး အဘူရီဇာဘာကရီက ပြောကြားသည်။

တိုက်ကြီးနှစ်တိုက်အကြား၌ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးဆက်ဆံမှုပမာဏသည် တိုက်နှစ်တိုက်တို့တွင်ရှိနေသော စီးပွားရေးအလားအလာနှင့် နှိုင်းဆလျှင် မပြောပလောက်သော အခြေအနေ၌သာ ရှိနေသည်။ ထို့ကြောင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းများတွင် ချဲ့ထွင်နိုင်စရာ အလားအလာများစွာရှိနေသည်ဟု ဆိုသည်။

သို့ဖြစ်၍ ဒေသနှစ်ခုအကြား အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မှသည် စီးပွားရေး လုပ်ငန်းများအချင်းချင်း ပူးပေါင်းမှုအဆင့်သို့ ရောက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်ဟု အာရှ-အာဖရိက စီးပွားရေး ထိပ်သီး အစည်းအဝေးအပြီးတွင် အဘူရီဇာဘာကရီက ပြောကြားခဲ့သည်။

တိုက်ကြီးနှစ်တိုက်အကြား ကုန်စည်ကုန်သွယ်ရေးနှင့်ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့နိုင်ရန် အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ ကြိုးပမ်းသွားမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကင်ညာတွင်စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းများတိုးတက်လာ

နိုင်ရိုဘီ ဧပြီ ၂၂

ကင်ညာနိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ ထိုလုပ်ငန်းနှစ်ရပ်ကြောင့် ၂၀၀၄ ခုနှစ်တွင် နိုင်ငံ့စီးပွားရေး ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာပြီး ယခုနှစ်တွင်လည်း အဆိုပါ လုပ်ငန်းနှစ်ရပ်သည် ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း ကျွမ်းကျင် ပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တိုးတက်လာ

ကင်ညာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် သစ်သီးဝလံ စိုက်ပျိုးရေးသည် ၂၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာသည်။ ထိုသစ်သီးဝလံ စိုက်ပျိုးရေးကဏ္ဍတွင် လက်ဖက်စိုက်ပျိုးရေးသည် အလျင်မြန်ဆုံး တိုးတက်လျက်ရှိသည်။ အလားတူပင် ခရီးသွားကဏ္ဍတွင် ယခင်ကဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၆ သန်းခန့်ရှိရာမှ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅၃ သန်း တိုးတက်လာသည်ဟု အရှေ့အာဖရိက ကမ္ဘာ့ရင်းနှီးမြှုပ်နှံရေးအုပ်စု (အေအိုင်ဂျီ) မှ အကြံပေးပုဂ္ဂိုလ်များက ပြောကြားသည်။

လျော့နည်း

ကင်ညာနိုင်ငံ၏ ခရီးသွားကဏ္ဍသည် ယခုနှစ်တွင် ထူးခြားစွာတိုးတက်လာသည်။ ယင်းသို့ တိုးတက်လာရခြင်းသည် ပြီးခဲ့သောနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဆူနာမီလှိုင်းဒဏ်ကြောင့် အာရှနိုင်ငံများ၌ ခရီးသွားလုပ်ငန်းများ ပျက်စီးမှု ဖြစ်ခဲ့သောကြောင့် ၎င်းနိုင်ငံများ၏ ယှဉ်ပြိုင်မှုအား လျော့နည်းသွားရခြင်းကြောင့်ဖြစ်သည်ဟု နိုင်ရိုဘီမြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အေအိုင်ဂျီ အုပ်စုမှ မန်နေဂျာ ပီတာဝါချီရာက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ အမည်ဆိုးဖြင့်ကျော်ကြားသော အဘူဂါရိုင်အကျဉ်းထောင်ရှိရာ အရပ်တွင် ဧပြီ ၂၀ ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်ပြည်တွင် ရင်သားကင်ဆာမဖြစ်စေရန် ခေတ်ပေါ်နည်းဖြင့် ရှာဖွေစစ်ဆေးမည်

ပေကျင်း ဧပြီ ၂၂

တရုတ်အစိုးရက နိုင်ငံတစ်ဝန်းတွင် ရင်သားနှင့်ပတ်သက်သည့် ရောဂါဝေဒနာသည်များအား စစ်ဆေး၊ ကုသရန်နှင့် ရင်သားကင်ဆာဖြင့် သေဆုံးမှုနှုန်း လျှော့ချရန်အတွက် စီမံချက်တစ်ရပ်ကို ကြာသပတေးနေ့က စတင်ဖော်ဆောင်ခဲ့သည်။

ယင်းစီမံချက်အရ နိုင်ငံတစ်ဝန်းမှ ဆေးရုံ ၁၀၀ ကိုရွေးချယ်ကာ ခြောက်နှစ်ကာလအတွင်း အမျိုးသမီးတစ်သန်းတို့ကို ရင်သားစစ်ဆေးမှု လေးကြိမ်ပြုလုပ်ပေးသွားမည်ဟု ကင်ဆာတိုက်ဖျက်ရေး တရုတ်အသင်းအကြီးအကဲဖြစ်သူ ကျူဂွမ်ဝေက ပြောကြားသည်။

တိုးပွားလာ

တရုတ်ပြည်တွင် ရင်သားကင်ဆာကြောင့် သေဆုံးသူဦးရေသည် မကြာမီနှစ်များအတွင်း နှစ်စဉ် ၃ ရာနှုန်းအထိ မြင့်မားလျက်ရှိသည်ကို စာရင်းဇယားများအရ သိရှိရသည်။ ရင်သားကင်ဆာရောဂါသည် တရုတ်ပြည်တွင် အဆုတ်ကင်ဆာ၏ နေရာတွင် အစားထိုးနေရာယူထားလျက်ရှိပြီး အလျင်မြန်ဆုံးတိုးပွားလာသည့် ရောဂါဖြစ်နေသည်။

အသက်ရှင်နေထိုင်နိုင်

၉၀ ရာနှုန်းသော ရင်သားကင်ဆာရောဂါသည်များမှာ စတင်ဖြစ်ပွားစဉ် သိရပါက ၁၀ နှစ်ကျော် အသက်ရှင်နေထိုင်နိုင်ပြီး ၎င်းတို့၏ ရင်သားများအား ကျန်းမာပကတိဖြစ်စေရန် ထိန်းသိမ်း စောင့်ရှောက်နိုင်ကြောင်း ကျူဂွမ်ဝေက ပြောကြားသည်။

ထူထောင်

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ ဖော်ပြပါကင်ဆာ တိုက်ဖျက်ရေးအသင်းက ရောဂါရှာဖွေစစ်ဆေးရေး စံချိန်များ၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ပစ္စည်းပစ္စယများ ဖြည့်ဆည်း ဖန်တီးပေးရန်နှင့် ရင်သားကင်ဆာ စစ်ဆေးရေးနှင့် ကုသရေးမော်တော်ယာဉ်များ ထောက်ပံ့ပေးရေးအတွက် သီးခြားရုံးတစ်ရုံး ထူထောင်ပေးမည်ဖြစ်သည်။

ရှာဖွေ

ပထမဆုံးအုပ်စုအဖြစ် စံချိန်မီဆေးရုံ ၁၅ ခု ရွေးချယ်ထားပြီး ပေကျင်း၊ ရှန်ဟိုင်းနှင့် ပြည်နယ် ၁၀ ခုတွင် ရောဂါရှာဖွေရေးလုပ်ငန်းကို စတင်မည်ဖြစ်သည်ဟု ကျူဂွမ်ဝေက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖရိကငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ ကျင်းပရန်ပြင်ဆင်

ဒါရက်ဆလမ် ဧပြီ ၂၂

တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်း ဆင်ဂီဒါဒေသတွင် လာမည့် တနင်္လာနေ့၌ အာဖရိက ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ (၂၀၀၅) အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရန် အစိုးရအဖွဲ့က ပြင်ဆင်လျက်ရှိကြောင်း ဒုတိယကျန်းမာရေးဝန်ကြီး ဟူစိန်အမ်ဝင်ရီက ကြာသပတေးနေ့တွင် ပြောကြားသည်။

ယခုနှစ်၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ "ငှက်ဖျားရောဂါတိုက်ဖျက်ရေး လူတိုင်းပါဝင်ကူညီပေး" ဟူ၍ ဖြစ်ကြောင်း၊ ငှက်ဖျားရောဂါသည် မိမိတို့၏ နိုင်ငံကို ဆိုးကျိုးသက်ရောက်မှုများ ပေးစွမ်းနိုင်သဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့သည် တစ်နိုင်ငံလုံးအတွက်အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဓာတ်အားပေးစက်ရုံများ တည်ဆောက်မှုလုပ်ငန်းတွင် ပြည်ပရင်းနှီးလုပ်ကိုင်သူများကို ဘင်္ဂလားဒေ့ရှ် ခွင့်ပြုမည်

ဒါကာ ဧပြီ ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အငယ်စား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးလုပ်ငန်း၌ ပြည်ပရင်းနှီးမြှုပ်နှံသူများကို ပါဝင်ရင်းနှီးလုပ်ကိုင်ခွင့်ပြုရန် ဘင်္ဂလားဒေ့ရှ်အစိုးရက စဉ်းစားလျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ရင်းနှီးလုပ်ကိုင်ခွင့်ပေးမည့်ဓာတ်အားပေး စက်ရုံပေါင်းမှာ ၁၅ ခုဖြစ်ပြီး ထိုစက်ရုံအငယ်စားများ၏ ဓာတ်အားထုတ်လုပ်နိုင်စွမ်းအားမှာ ၁၀ မဂ္ဂါဝပ်မှ ၁၅ မဂ္ဂါဝပ်အတွင်း ရှိမည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက်ထုတ် ဖိုင်နင့်ရှယ် အိတ်စပရက် သတင်းတွင် ဖော်ပြခဲ့သည်။

ထိုသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခြင်းဖြင့် ပြည်တွင်းဓာတ်အားထုတ်လုပ်မှု အခက်အခဲနှင့် ငွေကြေးမလုံလောက်မှု အကျပ်အတည်းများကို ဖြေရှင်းပြီးဖြစ်နိုင်သည်ဟု ဆိုသည်။ ထို့အပြင် ပြည်တွင်းစီးပွားရေး စွန့်ထွင်လုပ်ကိုင်သူ လုပ်ငန်းရှင်များလည်း ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရရှိကြမည် ဖြစ်ကြောင်းသိရသည်။

ပါဝင်လုပ်ကိုင်

အဆိုပါကိစ္စများကို ဘင်္ဂလားဒေ့ရှ် စီးပွားရေးကော်မတီက မကြာမီအချိန်တွင် အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွင်းက ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များကိုသာ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာ၌ ပါဝင်လုပ်ကိုင်ရန် အစိုးရက တင်ဒါခေါ်ယူခဲ့သည်။

ထိုစဉ်က ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ရှိကြောင်း ဖော်ပြခဲ့သော်လည်း ယခုအခါ ပြည်တွင်းလုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်မည့် နိုင်ငံခြားသား လုပ်ငန်းများကိုလည်း ခွင့်ပြုချက်ချပေးမည်ဖြစ်သည်ဟု သတင်းများက ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လုပ်ငန်းခွင်တစ်နေရာ

အိန္ဒိယနိုင်ငံ ဒေလီမြို့ ဥမင်ရထားလမ်းအတွင်း လျှပ်စစ်သွယ်တန်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



တရုတ်နိုင်ငံရှိ ကမ်းလွန်ရေနံမြေ ရေနံထွက်ရှိမှု စံချိန်သစ်တင်နိုင်

ဟောင်ကောင် ဧပြီ ၂၂

တရုတ်နိုင်ငံရှိ ကမ်းလွန်ရေနံထုတ်လုပ်ရေး ကုမ္ပဏီများအနက် အကြီးဆုံးသော ကုမ္ပဏီဖြစ်သည့် အမျိုးသားကမ်းလွန်ရေနံကော်ပိုရေးရှင်းက ရှာဖွေတွေ့ရှိခဲ့သော ရေနံမြေတစ်ခုမှ ရေနံထွက်ရှိမှုသည် မူလလျာထားချက်ထက်ပင် သာလွန်ကောင်းမွန်သည်ကို တွေ့ရကြောင်း အဆိုပါရေနံကုမ္ပဏီက ထုတ်ပြန်သည့် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

— သာလွန် —

ဘိုဟေးပင်လယ်အော်တွင် ရှာဖွေတွေ့ရှိခဲ့ရသော ကမ်းလွန်ရေနံမြေ အမှတ် အယ်လ်ဒီ ၁၀-၁ ရေနံမြေသည် ယခုအခါ တစ်ရက်လျှင် ရေနံစည် ၂၈၀၀၀ ကျော် ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းမှာ ကနဦးအနေဖြင့် မိမိတို့မျှော်မှန်းခဲ့သည့် ရေနံထွက်ရှိမှုထက် သာလွန်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

ဘိုဟေးပင်လယ်အော် ကမ်းလွန်ရေနံမြေရှိ တွင်းအမှတ် အေ-၁၁ မှ ရေနံထွက်ရှိမှုသည် အထူးကောင်းမွန်ကြောင်း၊ မတ် ၂၉ ရက်တွင် ရေနံထုတ်လုပ်မှု စတင်ခဲ့ချိန်မှစ၍ နေ့စဉ် ရေနံစည် ၇၀၀၀ ကို ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းမှာ နေ့စဉ်ရေနံထုတ်လုပ်မှုအရ စံချိန်သစ်တစ်ရပ်ပင်ဖြစ်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

အယ်လ်ဒီ ၁၀-၁ ရေနံမြေ၏ ထူးခြားသော ရေနံထွက်ရှိမှုသည် ကမ်းလွန်ရေနံမြေ စူးစမ်းရှာဖွေရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုကို ထင်ဟပ်နေကြောင်း ကုမ္ပဏီ၏ဒုတိယဥက္ကဋ္ဌ လီယူဂျန်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

➪ စာမျက်နှာ ၃ မှ

စေတီတော်မြတ်ကြီးအား ရည်မှန်း၍ ငှက်မြတ်နားတော်၊ ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီးဒေါ်ခင်ခင်ဝင်းတို့က ဆပ်သွားဖူးတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့်လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ပြန်လည်အပ်နှံ

ထို့နောက် စေတီတော်မြတ်ကြီး တည်ဆောက်ခဲ့ကြသော ဗိသုကာ အင်ဂျင်နီယာများက စေတီတော်မြတ်ကြီးအား ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတန်းကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ အမှားအယွင်းနှင့် မပြည့်စုံမှုများရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း ဗြဟ္မာသိကြားနှင့် သာသနာစောင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အား တောင်းပန်လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇာဂရာဘိဝံသက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ဆက်လက်၍ ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် အစီအစဉ်များကို ကျင်းပရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်၊ ဌာပနာတော်များနှင့် ရွှေထီးတော်ဘုံဆင့်များကို မင်္ဂလာမဏ္ဍပ်အတွင်းမှ ပင့်ဆောင်ကြပြီး သာသနာ့အလံကိုင်အဖွဲ့က ဦးဆောင်ကာ ဒေဝါဝင်း ရာဇာဝင်းများခင်း၍ လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်အပူဇော်ခံသည်။

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများဖြင့် တီးမှုတ်ပူဇော်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းတို့က ဌာပနာတော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းရောင်တော်ဖွင့်၍ မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီး၏အထွတ်သို့ တင်လှူပူဇော်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်များနှင့် ရွှေထီးတော်ဘုံဆင့်များပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်အပူဇော်ခံကြစဉ်။ (သတင်းစဉ်)

အမွှေးနံ့သာပက်ဖျန်း

ယင်းနောက် ဆရာတော်သံဃာတော်များ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ဥပါသကာများက အလယ်ဌာပနာတိုက်နှင့်အထက်ဌာပနာတိုက်များအတွင်း ဌာပနာတော်များကို အစီအစဉ်အတိုင်း ထည့်သွင်းပူဇော်ကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက ဌာပနာသွင်းဆိုင်ရာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းတို့က ရွှေထီးတော်ဘုံဆင့်များကို အမွှေးနံ့သာရည်တို့ ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်ကာ မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီး အထွတ်သို့ တင်လှူပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ထို့နောက် ဆရာတော် သံဃာတော်များနှင့် တိုင်းမှူး၊ တွဲဖက်စစ်ရေးချုပ်နှင့် ဥပါသကာများက ရွှေထီးတော်ဘုံဆင့်များကို ပင်မစေတီတော်မြတ်ကြီးနှင့် အရန်စေတီတော်များတွင် တစ်ပြိုင်တည်း တပ်ဆင်ပူဇော်ကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။



ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ရပ်ကွက်၌ တည်ထားကိုးကွယ်သော လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ထိုအချိန်တွင် အခမ်းအနားမှူးက ဇယမင်္ဂလာအောင်ဂါထာတော်များဖြင့် ရွတ်ဆိုပူဇော်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းတို့က ပင်မစေတီတော်မြတ်ကြီး၏ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်တို့ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ပြီး မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီး အထွတ်သို့ တင်လှူပူဇော်ကြသည်။

တပ်ဆင်ပူဇော်

ဆက်လက်၍ ဆရာတော်သံဃာတော်များနှင့် တိုင်းမှူး၊ တွဲဖက်စစ်ရေးချုပ်နှင့် ဥပါသကာများက ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီး၌ တပ်ဆင်ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုအချိန်တွင် မင်္ဂလာငွေခရနှင့် အောင်စည်အောင်မောင်းများ သုံးကြိမ်တီးမှုတ်ပူဇော်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်အစီအစဉ်ကို စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် အတွင်း၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် သံဃာတော်များက လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၂၅)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ ကမ္ဘာတွင် မျိုးတုံးလုဖြစ်နေသည့် ဆောင်းခိုဝန်လက်ငှက် မြန်မာပြည်မြောက်ဖျားတွင်တွေ့၊ MRTV-4 ရုပ်သံဖမ်းစက်များ ဈေးကွက်တင် ရောင်းချတော့မည်၊ အိပ်မက်လှေ ဂျာမန် ရုပ်သံဇာတ်လမ်းတွဲ မြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူး၊ လိုင်စင်မဲ့ မော်တော်ယာဉ်စီးရေ တစ်သောင်းလေးထောင်ကျော် သိမ်းဆည်းရမိစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ဒင်းဆမ်းကြိုက်သူတွေ သတိထား လွန်ကဲစွာစားသုံးပါက အဝလွန်ရောဂါနှင့် နာတာရှည်ရောဂါ ဖြစ်စေနိုင်၊ ဆူနာမိဒဏ်ခံ အာချေးပြည်နယ်တွင် ကနစိုတောပြန်လည်ထူထောင်၊ ဟယ်ရီမင်းသားလေး အခြေခံကွန်ပျူတာ စာမေးပွဲကျ၊ ကမ်းခြေမြေနေရာ ဖော်ထုတ်ရေး အင်ဒိုနီးရှားက သဲအရောင်းရပ်လိုက်သဖြင့် စင်ကာပူအခက်ကြုံတွေ့ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House၊ ဖုန်း- ၅၄၈၈၈၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)



ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်း အမှတ်(၄၆)နေ ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်ကိုကြီး၊ အစ်မကြီးများအားရည်စူး၍ ဒေါ်ခင်မေရီမိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၇။ ကြည်နူးရှင်ပျော်တေးသရုပ်ဖော်
- ၅:၀၅ ၈။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ်** -Limited Company General Background -(ဒုတိယနှစ်-စီးပွားစီမံ)
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း" (အပိုင်း-၁၀)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မေးမြန်းစုံစမ်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" (အပိုင်း-၁၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အရှေ့တောင်အာရှက မြန်မာ့ပုဂံ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

ရှေ့ဖျားပုဂံပြည်မှာဖြင့်
မြန်မာတစ်တွေမှာ
ရတနာရွှေငွေအပေါင်းငှဲပြင်၊
မင်းကောင်းနော်ရထာတဲ့၊
မော်စရာ ထိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာတရှင်ရှင်နဲ့၊
ဘဝင်မှာအမြင်မှန်းကာပ
တမ်းတ၍ကြည်ညိုပါ။ ။
(ဆရာဇော်ဂျီ)

ပုဂံသည်မြန်မာနိုင်ငံအား ကမ္ဘာကသိစေသော မြန်မာ့ယဉ်ကျေးမှုထွန်းကားရာ ရှေးဟောင်းမြို့တော် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ ကျော်ကပင် ပုဂံပြည်စတင်ပေါ်ထွန်းခဲ့ပြီး နှစ်ပေါင်း ၁၂၀၀ ကျော်တည်တံ့ခဲ့ပါသည်။ မြန်မာမင်း အဆက်ဆက် စိုးစံခဲ့သော ပုဂံပြည်တွင် ဘာသာရေး၊ စာပေနှင့် ယဉ်ကျေးမှုများ ထွန်းကားခဲ့သည်ကို ယနေ့တိုင်မပျက်မယွင်း ကျန်ရှိနေသည့် ဘုရား၊ပုထိုး၊စေတီ၊ ကျောင်း၊ ဂူ၊ သိမ်တို့တွင် လေ့လာနိုင်ပါသည်။

၁၆ စတုရန်းမိုင် ကျယ်ဝန်းသည့် ပုဂံမြို့ဟောင်းဧရိယာတွင် ဘုရားစေတီပေါင်း ၂၀၀၀ ကျော် မှတ်တမ်းဝင်ကျန်ရှိနေပေရာ သမိုင်းသုတေသီများနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက် အာရှတွင် ရှာမှရှားသည့် အာရှတိုက်သား မြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ် ရတနာသိုက်ကြီးကို စိတ်တိုင်းကျ လေ့လာဆည်းပူး နိုင်ကြပေသည်။ ပုဂံခေတ်ဗိသုကာအနုပညာ လက်ရာမွန်များမှာ အံ့မခန်းဖွယ်ရာများဖြစ်ပါသည်။

ပုဂံတွင် ရှေးဟောင်းယဉ်ကျေးမှု သုတေသနဌာနက ဘုရားစေတီပေါင်း **"ကျောင်းကြီးအုတ်နီ"** ဆိုသည့် အတိုင်း ၂၂၁၇ဆူ၊ နိုင်ငံတော်မှပြင်ဆင်ပြီး တည်ထားကိုးကွယ်လျက်ရှိသော အဆူမှာ ၁၈၃၆ ဆူဖြစ်ပြီး တည်ဆောက်ပြုပြင်ဆောင်ရွက်နေဆဲမှာ ၃၈၁ဆူဖြစ်ကြောင်း ပုဂံရှေးဟောင်းသမိုင်းပြတိုက်တွင် မှတ်တမ်း တင်ထားပါသည်။

ပုဂံတွင်အမြင့်ဆုံးသော သဗ္ဗညုဂူဘုရားကြီးပေါ်မှ ပတ်ပတ်လည် လှည့်လည်ကြည့်ရှုလျှင် ပုဂံတစ်ဝိုက်ရှိ စေတီပုထိုးများအားလုံးကို မြင်ရပြီး လက်ညှိုးထိုးမလွဲအောင် များပြားလှကြောင်း တွေ့ရှိရပေသည်။ ပုဂံဘုရားများ တည်ရှိရာဒေသသည် ဧရာဝတီမြစ်မှ တုရင်တောင်အထိ၊ တောင်ဘက်တွင် တွင်းရွာအထိ၊ အရှေ့ဘက်တွင် ကျောက်ဂူဥမင်အထိ စေတီပုထိုးများ မြောက်မြားစွာ တည်ရှိနေပေသည်။

မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံများက "ရွှေစေတီနိုင်ငံ" ဟူ၍ တင်စားခေါ်ဆိုကြပါသည်။ ပုဂံသည်မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်သည်။ ပုဂံသည်မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေဆောင် ကြေးမုံအသွင်လည်း ဖြစ်ပါသည်။

ပုဂံသည် မြန်မာတို့၏အမျိုးဂုဏ်၊ဇာတိဂုဏ်၊ သူရသတ္တိ၊ မျိုးချစ်စိတ်တို့ကို ဖော်ညွှန်းနေသည်။ ငှက်ကြီး၊ကျားကြီး၊ ဝက်ကြီး၊ ရှူးပုံကြီးတို့ကို နှိမ်နင်းခဲ့သည်ဆိုသော ပျူစောထီးအား ဗူးဘုရားရောက်တိုင်း ထူးခြားစွာ သတိရလွမ်းဆွတ်တမ်းတနေမိပါသည်။ ပုဂံရှိ မြန်မာ့ယဉ်ကျေးမှု ပြတိုက်ကြီးရှေ့တွင် တည်ရှိသည့် လေးတင်နေသော ပျူစောထီးမင်းရုပ်တုကြီးကို သုတေသီနှင့် ကမ္ဘာလှည့်ခရီးသည်များက လေးစားကြည်ညိုကြသည်။

ပုဂံကို သုပညာနဂရဆိန္နာ၏တူ ပျူမင်းသား သမုတိရာဇ်ကတည်ထားခဲ့သည်။ သမုတိရာဇ်၏ သမက်တော် သူရဲကောင်း ပျူစောထီးမင်းကြီးက တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့သည်။ ပျူစောထီးမင်း၏ ဆောင်ရွက်ချက်များကို ငှက်ပစ်တောင်က သက်သေပြလျက်ရှိပါသည်။

ပုဂံခေတ်အစက ပုဂံတွင် ပျူလူမျိုးများနေထိုင်ခဲ့သည်။ ထို့ကြောင့် ပျူစစ်လျှင်မြန်မာ ဟုခေါ်ဆိုခဲ့ကြသည်။ မြန်မာစာတီထွင်ရာ၌ ပျူစာကိုအခြေခံထား၍ တီထွင်ခဲ့သည်။ မြန်မာလည်းပျူ၊ ပျူလည်းမြန်မာ ဟူ၍ အဆိုရှိခဲ့သည်။

ပျူတို့ထံမှ အလွန်ပင် အဆင့်အတန်းမြင့်သော ဗိသုကာပညာကို ရှေးမြန်မာကြီးများက လက်ခံ ကျင့်သုံးခဲ့သည်။ ယနေ့ မြင်တွေ့နေရသော ရှေးဟောင်းအဆောက်အအုံတို့တွင် လှို့ဝှက်နက်နဲသိပ်သည်းမှု၊ ခိုင်ခံ့မှု၊ ထုထည်ကြီးမားမှုတို့ကို အံ့သြ၍မကုန်နိုင်အောင် တွေ့ရပါသည်။

ဘုရား၊ပုထိုး၊ဂူဥမင်များ နှစ်ပေါင်းထောင်ချီ၍ ခိုင်မြဲနေခြင်းကြောင့် ပုဂံခေတ်ဗိသုကာတို့၏ လက်ရာကို အံ့သြချီးမွမ်းထိုက်ပေသည်။

"အုံတုံသတ္တာ၊နဝကျွဲကော်၊ ဒွေးနော်တင်လဲ၊ ဥသျှစ်ကဲ၍၊ လဲဝါတစ်ဆုပ်၊ ဆီတစ်မှုတ်"

ဟူသော အချိုးအဆအတိုင်း သဘာဝအင်္ဂတေကို တီထွင်ခဲ့သည်။ အုတ်နှစ်ချပ်အကြားတွင် အပ်ထိုး၍ မဝင်နိုင်အောင်ပင် စေ့စပ်သေချာသော အုတ်စီလုပ်ငန်းတို့ဖြင့် ထုထည်ကြီးမားသော သာသနိက အဆောက်အအုံများကို သံထည်ပစ္စည်းအကူမပါဘဲ အချိန်တိုအတွင်း မြောက်မြားစွာ တည်ဆောက်နိုင်ခဲ့ကြသည့် ပုဂံသားတို့၏ ဗိသုကာလက်ရာမှာ အံ့ဖွယ်ဖြစ်ပေသည်။ ထိုဂူဘုရား အဆူဆူတို့၏ ဗိသုကာလက်ရာများအတွင်းရှိ နံရံဆေးရေး ပန်းချီများမှာလည်း ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်းအလိုက် တစ်ဆူနှင့်တစ်ဆူ မတူညီအောင် ခြယ်မှုန်းနိုင်ခဲ့ခြင်းအတွက်လည်း ကမ္ဘာလှည့်ခရီးသည်များ အလွန်အံ့သြနေကြပေသည်။

မြန်မာနိုင်ငံသို့ ဒေသန္တရ ဗဟုသုတရှာမှီးရန် ရောက်လာကြသော တိုင်းတစ်ပါးသား ကမ္ဘာလှည့်ခရီးသည်များမှာ ခရီးစဉ်အတွင်း အားလုံးလိုလို ပုဂံသို့ ရောက်သွားကြသည်ချည်းဖြစ်သည်။

ပထမဆုံး ပုဂံပြည်အကြောင်းကို ဖောက်သည်ချခဲ့သူမှာ ကမ္ဘာလှည့်ခရီးသည် ဗင်းနစ်မြို့သား မာကိုပိုလို ဖြစ်သည်။ အေဒီ ၁၂၉၈ တွင် ပုဂံပြည်၏ ကြီးကျယ်ခမ်းနားပုံ၊ အံ့သြဖွယ်ရာ အစုံစုံတို့ကို စာပေဖြင့် မှတ်တမ်းတင်ကာ ကမ္ဘာသို့ လက်ဆင့်ကမ်း အသိပေးခဲ့သည်။

အမ်ကောဝပ် သမိုင်းအမွေအနှစ်များကို ကြည့်ပြီး အံ့မခန်းဖြစ်ကြရသည်။ အီဂျစ်မှာရှိသော ပိရမစ်များကို တွေ့ပြီး စိတ်လှုပ်ရှားကြရသည်။ သို့သော် ပုဂံ၌ မြင်တွေ့နေရသော စေတီပုထိုးရှုခင်းတွေလောက် နှလုံးသားကို လှုပ်ရှားစေနိုင်သော အရာသည် အခြားမှာ ရှိနိုင်ပါဦးမည်လားဟု စာရေးသူ တွေးထင်ခဲ့မိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးတိုင်း ညောင်ဦးမြို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေးစီမံကိန်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင်ဟိုတယ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး-

"ပုဂံရွှေနန်းတော် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ရှာဖွေဖော်ထုတ် သုတေသနပြုခဲ့ပြီး သုတေသနပြုရရှိသည့် အချက်များအပေါ် မည်ကဲ့သို့ ညှိနှိုင်းတည်ဆောက်ခဲ့သည်ဆိုသည့် စတင်တည်ဆောက်သည်မှ ပြီးစီးသည်အထိ တည်ဆောက်မှုမှတ်တမ်း၊ ညှိနှိုင်းတွေ့ရှိမှု မှတ်တမ်းမှတ်ရာများကို စနစ်တကျ ပြည့်စုံအောင်ပြုစုပြီး နောင်တစ်ချိန်တွင် စာအုပ်အဖြစ် ထုတ်ဝေသွားရန်လိုကြောင်း၊ သို့မှသာ ပုဂံရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ခဲ့ရသည့် သမိုင်းအထောက်အထား၊ အတွေ့အကြုံ အထောက်အထားများကို ပြည်သူများ၊ နောင်လာနောက်သားများအနေဖြင့် ခိုင်ခိုင်လုံလုံ လေ့လာ သိရှိနိုင်မှာဖြစ်ကြောင်း" လမ်းညွှန်မှာကြား ခဲ့ပါသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၌ တည်ဆောက်ပြီးစီးခဲ့သည့် ပုဂံနန်းမြင့်မျှော်စင်ကြီးကို ၂၀၀၅ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ နံနက်စနာရီခွဲတွင် ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက် အားပေးခဲ့ကြသည်။

နန်းမြင့်မျှော်စင်ကြီးမှာ ၁၉၈ ပေမြင့်၍ အချင်း ၅၄ ပေကျယ်ပြီး အထပ် ၁၃ ထပ်ရှိသည်။ သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းဒဏ်နှင့် ငလျင်ဒဏ်ခံနိုင်ရန် ခေတ်မီအဆင့်မြင့်နည်းပညာကို အသုံးပြု၍ တည်ဆောက်ထားသည်။

မြေညီထပ်၌ Business Center ၊ ရုံးခန်းနှင့်ဆိုင်ခန်းများရှိသည်။

ပထမထပ်မှာ Waiting Lounge များဖြစ်သည်။ ဒုတိယထပ်၌ စည်းဝေးခန်းမ၊ Bagan History Video Show Room များရှိသည်။ တတိယထပ်၌ Store Room များရှိပြီး စတုတ္ထထပ်၊ ပဉ္စမထပ်၊ ဆဋ္ဌမထပ်၊ သတ္တမထပ်တို့မှာ ရုံးခန်းများဖြစ်ကြသည်။

ကိုးထပ်နှင့် ၁၀ ထပ်တို့မှာ Restaurant Deck များဖြစ်ပြီး ၁၁ ထပ်မှာ View Deck နှင့် ၁၃ ထပ်မှာ Open View Deck ဖြစ်သည်။

ပုဂံနန်းမြင့်မျှော်စင်ကို ခေတ်မီအဆင့်မြင့်နည်းပညာများ အသုံးပြုတည်ဆောက်ထားသကဲ့သို့ မြန်မာမှု လက်ရာများ၊ ပုဂံခေတ်လက်ရာများဖြင့် စနစ်တကျတည်ဆောက်ထားပြီး ၁၁ ယောက်စီး ခေတ်မီအဆင့်မြင့် ဓာတ်လှေကားသုံးစင်းလည်း တပ်ဆင်ထားသည်။

"ထုမှာ ဓမ္မရံ၊ ဉာဏ်မှာ သဗ္ဗညု။
အနုမှာ အာနန္ဒာ၊ အလှမှာ ရွှေစည်းခုံ"

ပုဂံဘုရားများစွာအနက် အထင်ကရများဖြစ်ကြသည့် အပြောင်မြောက်ဆုံး လက်ရာများကို အဓိက ဘုရားကြီးလေးဆူဖြစ်သည့် ဓမ္မရံကြီး၊ သဗ္ဗညု၊ အာနန္ဒာနှင့် ရွှေစည်းခုံတို့တွင် အထင်အရှား တွေ့မြင်နိုင်ပေသည်။

သက္ကရာဇ် ၃၇၉ (အေဒီ ၁၀၄၄-၁၀၇၇)တွင် အနော်ရထာမင်းသည် သီရိအနုရုဒ္ဒဒေဝဘွဲ့နှင့် ရာဇာဘိသိက်ခံ၍ နန်းတက်ခဲ့သည်။ ထိုမင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်တော်မူခဲ့သည်။ အင်အားတောင့်တင်းသော မြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည်။

ထို့အပြင် မင်းကြီးသည် မြန်မာနိုင်ငံသားတို့အဖို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပေးနိုင်သော စစ်မှန်သည့် ထေရဝါဒဗုဒ္ဓဘာသာကို ရှင်အရဟံမထေရ်မြတ်၏ ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ကာ စည်ပင် ပြန့်ပွားစေခဲ့သည်။

အနော်ရထာမင်းကြီးက-

"ငါ တည်ထားကိုးကွယ်တော်မူအပ်သော စွယ်တော်လေးဆူကို အကြင်သူသည် နောက်နေ့မကူး၊ နေ့ချင်းဖူး၏။ လှူသည့်ကုသိုလ် မပိုတူ၏။ တောင်းဆိုစကား မမှားတူ၏။ သီလငါးချက် မပျက်လုံ၏။ ထိုသည့် သူအား၊ မကြာချက်ချင်း လက်ငင်းကောင်းကျိုး ထူးစေသတည်း" ဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။

ပုဂံဒေသတွင် အနော်ရထာမင်း တည်ထားကိုးကွယ်တော်မူသော စွယ်တော်ပွား စေတီတော်လေးဆူမှာ ရွှေစည်းခုံစေတီတော်၊ တန့်ကြည့်တောင်စေတီတော်၊ လောကနန္ဒာစေတီတော်နှင့် တုရင်တောင် စေတီတော်တို့ ဖြစ်ကြသည်။

"ဝါတော်ကြီးတာ ငှက်ပစ်တောင်၊ တန်ခိုးကြီးတာ ရွှေစည်းခုံ၊ ထုထည်ကြီးတာ ဓမ္မရံကြီး၊ စွယ်တော်စတာ လောကနန္ဒာ၊ ပြစ်မှားမိတာ ကန်တော့ပလ္လင်၊ နံရံဆေးရေး ပန်းချီကောင်းတာ စူဠာမဏိ၊ အနုပညာ လက်ရာ မြောက်တာ အာနန္ဒာ၊ ရှုခင်းကောင်းတာ ဗူးဘုရား၊ ဆုတောင်းပြည့်တာ အလိုတော်ပြည့်၊ ဉာဏ်တော်မြင့်တာ သဗ္ဗညု၊ ကျောက်စာစုံတာ မြစေတီ" ဟူ၍ ပုဂံ၏ဂုဏ်ကို ပုဂံမြေမှ ကလေးငယ်များကပင် ကမ္ဘာလှည့်ခရီးသည်များကို ဖော်ညွှန်းပြောကြားနိုင်သဖြင့် စာရေးသူတို့ အံ့သြခဲ့ရပါသည်။

ချင်းတွင်းနှင့် ဧရာဝတီဆုံရာ မြန်မာနိုင်ငံအလယ်ပိုင်း၌ တမ္ပဒီပနိုင်ငံငယ်အဖြစ် စတင်ပေါ်ပေါက်ခဲ့ရာမှ အနော်ရထာမင်းလက်ထက်တွင် အင်အားတောင့်တင်းခိုင်မာသော မဟာပုဂံနိုင်ငံတော်ကြီးကို သြဇာအာဏာ ကြီးမားစွာဖြင့် ထူထောင်နိုင်ခဲ့သည်။

အေဒီ ၈၄၉ ၌ ပုဂံမင်းဆက် ၃၄ ဆက်မြောက် ပျဉ်ပြား မင်းသည် ပုဂံမြို့ကို မြို့ရိုးအဝင်ဝတံခါးကြီး ၁၂ ခုဖြင့် ခံ့ညားသေသပ်စွာ တည်ဆောက်ခဲ့သည်။ ယခုအခါ တစ်ခုတည်းသာ ကျန်ရှိနေတော့သည့် "သရပါတံခါး" သည် သမိုင်းတန်ဖိုးကြီးမားလွန်းလှသည့် အံ့သြဝမ်းမြောက်ဖွယ်ရာ မှတ်တမ်းတစ်ခုဖြစ်နေ ပေသည်။

ပုဂံရှေးဟောင်း သမိုင်းပြတိုက် ပြုလုပ်ထားသော ခံ့ညားထည်ဝါလှသည့် အဆောက်အအုံကြီးကို မကြာသေးသောနှစ်များအတွင်း ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ပြတိုက်အတွင်း တည်ခင်းပြသထားသည်မှာ အလွန်တရာ အရေးပါသော ရှေးဟောင်းပစ္စည်းများဖြစ်ပြီး သမိုင်းကြောင်း အထောက်အထားသစ်များကိုလည်း ရှာဖွေစုဆောင်း တင်ပြထားပါသည်။

လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၊ သရေကက်မြစ်ရေတင် စီမံကိန်း၊ လောကနန္ဒာ သဘာဝဘေးမဲ့တောဥယျာဉ်၊ ယွန်းတက္ကသိုလ်ကျောင်းတော်၊ ယွန်းလက်ဆောင်ဆိုင်၊ သီရိပစ္စယာဆာကူရာ၊ ဂျပန်-မြန်မာ ခေတ်မီဟိုတယ်ကြီး၊ ခေတ်မီပုဂံမီးရထားဘူတာရုံ၊ ယဉ်ကျေးမှုနယ်မြေ မုခ်ဦး၊ ကမ္ဘာ့အဆင့်မီလမ်းဆုံကြီး၊ ပြန်လည်တည်ဆောက်နေသော အနော်ရထာမင်း၏ နန်းတော်ကြီး၊ ပုဂံနန်းမြင့်မျှော်စင်၊ ကမ္ဘာလှည့်ခရီးသည်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသော မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ မြန်မာ့ရှေးဟောင်း မြို့တော်တည်ရှိရာ ပုဂံ-ညောင်ဦးဒေသသည် (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်ဒေသစီမံကိန်းငါးရပ်တို့၏ဖြည့်ဆည်းဆောင်ရွက် ပေးမှုတို့ဖြင့်ပါပေါင်းစပ်မြှင့်တင်မှုကြောင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပုဂံ နန်းမြင့်မျှော်စင်

ပုဂံရှေးဟောင်းယဉ် ကျေး မှု နယ်မြေ၌ တည်ဆောက် ပြီးစီး သွားပြီဖြစ်သည့် ပုဂံ နန်းမြင့်မျှော်စင် ကြီးကို တွေ့ရစဉ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ ပုံပါကျင်၊ မိုင်းတုံ၊ မိုင်းဆတ်မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးဆွေးနွေး

အမွေးနံ့သာရည် ပက်ဖျန်းပူဇော်

လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီး၌ တပ်ဆင်ပူဇော်ကြပြီး အမွေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ဧပြီ ၂၃ ရက် နံနက် ၇ နာရီတွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျိုင်းတုံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ယု၊ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ပြည်နယ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးသိန်းက ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မိုးစပါး ၂၄၀၀၇၁ဧကနှင့် နွေစပါး ၂၀၀၉၃ဧက စိုက်ပျိုးခဲ့ပြီး စပါးတင်းပေါင်း ၁၇ ဒသမ ၂၈ သန်းထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးအုန်းမြင့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၁၉၈၇-၁၉၈၈ ခုနှစ်၌ စပါးစိုက်ပျိုးဧက ၁၆၉၀၃၃ ရှိရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စပါးစိုက်ဧက ၂၄၀၁၇၁ အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ဧကလေးသိန်း ပြည့်မီရေးအတွက် ဆောင်ရွက်နေမှု၊ ရော်ဘာ ၂၅၀၄ ဧက စိုက်ပျိုးထားပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၃၆၀၀ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ- တာချီလိတ် ပြည်ထောင်စုလမ်းမကြီး အဆင့် တိုးတက်ပြင်ဆင်ခြင်းလုပ်ငန်း၊ တာကော် - မိုင်းပျဉ်း - ကျိုင်းတုံလမ်း အပိုင်း ၁၁၄မိုင်အား အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ် စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း စီမံကိန်းလျာထားချက်များနှင့် အသားတင်ထုတ်လုပ်မှုတန်ဖိုးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မိုးစပါးစိုက်ဧက လေးသိန်း ပြည့်မီရေးအတွက် စီမံကိန်းကာလအတွင်း ဖော်ထုတ်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရော်ဘာ စိုက်ပျိုးရေးအတွက် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း လျာထားချက်ဧက ၂၃၀၀၀ စိုက်ပျိုးနိုင်ရန် ရော်ဘာပျိုးပင် ၁၀သိန်း စုဆောင်းထားရှိမှုနှင့် ဒေသဝမ်းစာ ဖူလုံပိုလျှံမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကျိုင်းတုံမြို့ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်လိုက်ပါလျက် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့သို့ ရောက်ရှိပြီး ပုံပါကျင် မြို့နယ်ရုံးခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပုံပါကျင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ပုံပါကျင်မြို့မှ ဆက်လက် ထွက်ခွာလာကြပြီး ပုံပါကျင်-နားကောင်းမူ-မဲကင် - မိုင်းတုံ လမ်းကြောင်း တစ်လျှောက်ရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မိုင်းတုံမြို့သို့ ရောက်ရှိကြရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်တင်နှင့် အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် တပ်နယ်ခန်းမ၌ မိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် မိုင်းတုံမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျယ်တဝင့်ရှင်းလင်းမှာကြားကာ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်လိုက်ပါလျက် မိုင်းတုံမြို့မှ ဆက်လက်ထွက်ခွာရာ မိုင်းဆတ်မြို့သို့ ရောက်ရှိကြပြီး မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးကြီးစိုးမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် မိုင်းဆတ်မြို့ခန်းမ၌ မိုင်းဆတ်ခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မိုင်းဆတ်ခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးမှု အခြေအနေများနှင့် ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုနှင့် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းနှီးစွာနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် မိုင်းဆတ်တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့တွင် ညအိပ်ရပ်နားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် ရတနာသုခ သိပ္ပံကျောင်း ကျောင်းထိုင် ဆရာတော် ဦးပဏ္ဍိစ ဓီဝိတဒါန သံဃာဆေးရုံကြီး၏ ထာဝရ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို ဧပြီ ၁၀ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း) လက်ခံရယူစဉ်။ (က-ပ)

အလှကုန်ကံထူးရှင်များ ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

TaFa Trading Co., Ltd. မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me နှင့် Secret အလှကုန်သုံးစွဲကြသူများနှင့် ရောင်းချပေးသော ဆိုင်ကိုယ်စားလှယ်များအတွက် ကံထူးရှင်များရွေးချယ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် Hotel Nikko Royal Lake ၌ ကျင်းပသည်။

အခမ်းအနားသို့ စာနယ်ဇင်းများမှပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် TaFa Trading Co., Ltd. မှ Managing Director ဦးကျင်စိန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတို့က Follow Me အလှကုန်ပစ္စည်းသစ်များကို တက်ရောက်လာကြသော ဧည့်သည်များအား မိတ်ဆက်ပြသသည်။

ဆက်လက်၍ Follow Me Green Tea Shampoo အတွက် ကံထူးရှင်များ၊ အရောင်းကိုယ်စားလှယ်များထဲမှ ကံထူးသူများနှင့် ဝယ်ယူအားပေးကြသော သုံးစွဲသူများမှ ကံထူးရှင်များကို ရွေးချယ်ပေးပြီး TaFa Trading Co., Ltd. မှ Executive Director ဦးထွန်းကြည်က ကျေးဇူးတင်စကားပြောကြားသည်။

ကံထူးရှင်များကို မေ ၇ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

TaFa Trading Co., Ltd. မှ ဖြန့်ဖြူး ရောင်းချလျက်ရှိသော Follow Me နှင့် Secret အလှကုန် သုံးစွဲကြသူများနှင့် ရောင်းချပေးသော ဆိုင် ကိုယ်စားလှယ်များအတွက် ကံထူးရှင်များ ရွေးချယ်ပွဲ အခမ်းအနားတွင် TaFa Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျင်စိန် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်း အခြေခိုင်မာတိုးတက်အောင်လုပ်နိုင်မှ တိုင်းပြည် ခေတ်မီဖွံ့ဖြိုးမည်

ပုဂ္ဂလိကစက်မှုကဏ္ဍ၌ တိုးချဲ့ထုထောင်ရင်းနှီးလာအောင်၊ လမ်းကြောင်းမှန်ပေါ်ရောက်အောင် အားပေးလမ်းပြ

✳ ပုဂ္ဂလိကမှ

တစ်မျိုးသားလုံး၏ ဂျီဒီပီ၌ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားကိုကြည့်ပါက ၂၀၀၄-၂၀၀၅ခုနှစ်တွင် အကြမ်းအားဖြင့် ၁၀ ဒသမ ၇ ရာခိုင်နှုန်းခန့်ပင် ရှိပါကြောင်း၊ လယ်ယာကဏ္ဍဟာဆိုလျှင် ၄၀ ဒသမ ၇ ရာခိုင်နှုန်း၊ သားငါးကဏ္ဍက ၉ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်မှုတို့နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက စက်မှုကဏ္ဍသည် လယ်ယာကဏ္ဍပြီးလျှင် တိုင်းပြည်၏စီးပွားရေးဘဝ၌ ဒုတိယမြောက် တန်ဖိုးပမာဏအကြီးဆုံးကဏ္ဍအဖြစ် တွေ့ရမည်ဖြစ်ကြောင်း။

အလားအလာကောင်း

ရှေ့ကိုတိုးတက်မည့် အလားအလာအရရော၊ မိမိတို့၏လျာထားသည့် မျှော်မှန်းချက်အရပါ စက်မှုကဏ္ဍ၏တိုးတက်မှုအလားအလာသည် အင်မတန်ကောင်းနေခြင်းဖြစ်ပါကြောင်း။

စက်မှုကဏ္ဍ၏ တန်ဖိုးပမာဏတက်လာအောင်ကြိုးပမ်းလုပ်ကိုင်ရာ၌ အရေအတွက်အရရော၊ ထုတ်လုပ်မှုတန်ဖိုးပမာဏအရပါ အများစုဖြစ်သော ပုဂ္ဂလိက စက်မှုကဏ္ဍအပိုင်းကို ပို၍တိုးတက်လာအောင် အလေးထားအားပေးရမည်ဖြစ်ပါကြောင်း၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ

ရန်ကုန်တိုင်းအေး ချမ်း သာယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ၊ ရန် ကုန် တိုင်း စစ် ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

(Private Small and Medium Enterprises) တက်လာမှလည်း ပုဂ္ဂလိကအပိုင်းတစ်ခုလုံး တိုးတက်လာမည်ဖြစ်ပါကြောင်း။

ညှိနှိုင်းအားပေး

အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စက်မှုကဏ္ဍအတွက် အရေးကြီးသော အခြေခံဖြစ်သည့်အတွက် ယင်းအခြေခံတစ်ခုလုံး တစ်ပြိုင်တည်း အင်အားတောင့်လာအောင်၊ လမ်းမှန်ပေါ်ရပ်တည်လာနိုင်အောင် မိမိတို့က ညှိနှိုင်းစီမံပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ညှိနှိုင်းစီမံရန်အတွက် တည်ငြိမ်ခိုင်မာသည့် စက်ရုံအလုပ်ရုံစာရင်း၊ လုပ်ကိုင်နေသော စက်မှုလုပ်ငန်းအမျိုးအစားနှင့်အရွယ်အစား၊ အလုပ်သမားဦးရေစာရင်းစသည့် ပုဂ္ဂလိကစက်မှုစာရင်းဇယား လိုအပ်ပါကြောင်း။

ထို့ကြောင့် ပြည်နယ်/တိုင်းအလိုက် အကြီးစား၊ အလတ်စားနှင့် အငယ်စား စက်မှုလုပ်ငန်းခွဲခြားပြီး လုပ်ငန်းအမျိုးအစားအလိုက် စာရင်းဇယား ပြုစုပေးကြရန် မှာကြားလိုကြောင်း။

ဒုတိယမှာကြားလိုသည့်အချက်မှာ စက်မှုဇုန်များကို အခြေခံပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းကို တွန်းတင်သွားရာ၌ စက်မှုဇုန်များအားလုံးတစ်ပြိုင်တည်း တိုးတက်လာဖို့ပင် ဖြစ်ပါကြောင်း။

စက်မှုကုန်ချောစတင်ထုတ်တော့မည်

ဤနေရာ၌ အပိုင်းနှစ်ပိုင်း ရှိပါကြောင်း၊ ပထမပိုင်းမှာ မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန် စက်မှုဇုန် သုံးဇုန် တိုးတက်ရေးဖြစ်ပါကြောင်း၊ ယင်းဇုန်သုံးဇုန်၌ ထူထောင်နေသည့် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားအလုပ်ရုံများသည် မေလနောက်ပိုင်းတွင် စတင်လည်ပတ်ပြီး စက်မှုကုန်ချောများ စတင်ထုတ်တော့မည်ဖြစ်ပါကြောင်း။

သံနှင့် သံထည်ပစ္စည်းကိုင်တွယ်မှုလုပ်ငန်းတွင် မိသားစုတစ်နိုင်တစ်ပိုင်မိရိုးဖလာ သံရည်ကျို ပုံသွင်းလောင်းသည့်အဆင့်မှ ခေတ်မီစက်ကိရိယာပစ္စည်းများ သုံးစွဲပြီး သံရည်ကျို ပုံသွင်းလောင်းသည့် ခေတ်သစ်အဆင့်ကို တက်လှမ်းနေပြီဖြစ်သည့်အတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် ကြီးမားသော အလှည့်အပြောင်းဖြစ်ပါကြောင်း။

စက်မှုဇုန် သုံးဇုန်၌ ထူထောင်ထားသော ခေတ်မီသံရည်ကျို မီးဖိုတစ်လုံးစီသည် တစ်နေ့ကို ငါးတန်၊ တစ်နှစ်ကို တန် ၁၀၀၀ ကျော်ခန့် ကျိုနိုင်အားရှိပါကြောင်း၊ ထို့ကြောင့် အရည်အသွေးမီသော သံထည်ပစ္စည်းများကို များများစားစား ထုတ်လုပ်နိုင်အားရှိနေပြီဖြစ်ပါကြောင်း။

ယင်းသံရည်ကျို အလုပ်ရုံနှင့် တွဲဖက်ပြီး တည်ထောင်ထားသည့် အလုပ်ရုံများ၌ရှိသော (Lather Machine, Milling Machine, Drilling Machine, Slotting Machine, Grinding Machine, Boring Machine, Gear cutting Machine, Tools Grinding Machine) စသည့် စက်မျိုးစုံ အရွယ်စုံများကိုသုံးပြီး သွန်းလောင်းရရှိသော သံထည်ပစ္စည်းများကို လိုအပ်သကဲ့သို့ အနုစိတ်စက်ခုတ်စား ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ ပုံဖိစက်အပါအဝင် အခြားစက်ကိရိယာများဖြင့်လည်း ပုံဖော်ဖြတ်တောက်နိုင်ပြီး အမာတင်လုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်အားရှိပါကြောင်း။

အရှိန်ဖြင့်လည်ပတ်

ထို့ကြောင့် ယခုကဲ့သို့ တစ်တွဲတည်း တန်းစီပြီးထူထောင်ထားသည့် အလုပ်ရုံကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် စက်စွမ်းအားရှိသည့်အတိုင်း အချိန်ပြည့်လည်ပတ်နိုင်ဖို့ရန် အထူးအရေးကြီးပါကြောင်း။

ခေတ်မီစက်ကိရိယာပစ္စည်းများ ရှိနေပြီဖြစ်သည့်အတွက် ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ ငွေကြေးနှင့် ဈေးကွက်ရရှိရေးသည် အထူးအရေးကြီး

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုး တက် ရေး ကော် မ တီ ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မန္တလေး၊ မုံရွာ၊ တောင် ကြီး (အေးသာယာ) စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပါကြောင်း၊ ရေရှည်တိုးတက်အောင်မြင်ရေးအတွက် စက်များကို ကိုင်တွယ်အသုံးပြုမည့် ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်စုဆောင်းရေးနှင့် ဈေးကွက်ရရှိရေးသည် အဓိကကျသကဲ့သို့ ကုန်ကြမ်းပစ္စည်းနှင့် လည်ပတ်ငွေကြေး ရရှိရေးသည်လည်း လုပ်ငန်းလည်ပတ်ရေးအတွက် အရေးပါနေခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် စက်ရုံအလုပ်ရုံများကို နိုင်နိုင်နင်းနင်း အုပ်ချုပ်စီမံရာ၌ အစိုးရရုံးပုံစံမျိုး၊ ရုံးကနားဆန်ဆန် လုပ်နေ၍မဖြစ်ဘဲ စီးပွားရေး သဘောအရ လွတ်လွတ်လပ်လပ်လည်းရှိရမည် ဖြစ်ပါကြောင်း၊ အံဝင်ခွင်ကျသည့် စက်ရုံအလုပ်ရုံ အုပ်ချုပ်မှုသဏ္ဌာန်ကို အခြေချ ပုံဖော်ပေးနိုင်မှသာ သံရည်ကျိုစက်ရုံလုပ်ငန်းများသည် စဉ်ဆက်မပြတ် လည်ပတ်ပြီး အကျိုးအမြတ် ရှိလာမည်ဖြစ်ပါကြောင်း။

ပြည့်စုံနေပြီ

ထို့ပြင် စက်ရုံအလုပ်ရုံ အုပ်ချုပ်ရေး အဖွဲ့အနေဖြင့် ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်သည့် တိကျသပ်ရပ်သော လက်သားကျသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ဆက်လက် ထုတ်လုပ်နိုင်အောင် မည်သည့်စက်ပစ္စည်းများ ထပ်ထည့်ရန်လိုအပ်သည်၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်ကိုမီအောင် စနစ်တကျ မည်သို့ထုတ်လုပ်မည်စသည့် အချက်များကို အနာဂတ်နှင့်ယှဉ်ပြီး စီးပွားရေးအရ၊ နည်းပညာအရ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ အခြေခံအရေးကြီးသည့် စက်ကိရိယာများအနေဖြင့် ပြည့်စုံနေပြီ ဖြစ်သည့်အတွက် ထပ်ထည့်ရမည့် စက်ပစ္စည်းများကို လွယ်လင့်တကူ လက်လှမ်းမီမည် သေချာပါကြောင်း၊ လုပ်ငန်းအောင်မြင်လာသည်နှင့်အမျှ (Spectrometer; Ultrasonic Crack Dactor; Precision Measuring Instrument; Preheating Furnace; CNC Machine;) တို့ကို တစ်ခုပြီးတစ်ခု ထပ်ထည့်ဖြစ်လာမည်ဖြစ်ပါကြောင်း။

ထိုအချိန်ကျမှသာ လက်ရှိစက်ရုံအလုပ်ရုံများသည် အီလက်ထရောနစ်နည်းပညာနှင့် ပေါင်းစပ်ပြီး (Automation)အဆင့် နိုင်ငံတကာအဆင့် တက်လှမ်းမည်ဖြစ်ပါကြောင်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဆင့်မှ စက်ပစ္စည်းအစိတ်အပိုင်း (Mechnical spare parts) တင်ပို့သော ပြည်ပပို့ကုန် စက်မှုလုပ်ငန်းအဆင့်သို့ ကူးပြောင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအချက်မှာ လက်တွေ့ကျသည့် အနာဂတ်မျှော်မှန်းချက်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် လက်ရှိထူထောင်ထားသည့် သံရည်ကျိုလုပ်ငန်း အလုပ်ရုံများကို စီးပွားရေးဆန်ဆန် စီမံခန့်ခွဲအုပ်ချုပ်ရေး၊ ကျွမ်းကျင်ပညာရှင် စဉ်ဆက်

မြန်မာ့စက်မှုလက် မှု ဖွံ့ ဖြိုး တိုး တက် ရေး ကော်မတီဥက္ကဋ္ဌ၊ စက် မှု လုပ် ငန်း ဖွံ့ဖြိုး တိုးတက် ရေး ကော်မတီ အ တွင်း ရေး မှူး၊ အမှတ်(၁) စက်မှု ဝန် ကြီး ဌာ န ဝန်ကြီး ဦးအောင်သောင်း စက်မှု လုပ်ငန်း ဖွံ့ဖြိုး တိုး တက် ရေး ဆောင်ရွက်ချက် များနှင့် စပ်လျဉ်း၍ရှင်းလင်းပြော ကြားစဉ်။

(သတင်းစဉ်)

မပြတ် မွေးထုတ်ရေး၊ ဈေးကွက်ရရှိရေး တို့အတွက် လက်တွေ့ကျသည့် အဖြေကို ညှိနှိုင်းဖော်ထုတ်ပေးနိုင်ရန် အထူးအရေးကြီးပါကြောင်း။

ပိုမိုတိုးတက်လာမည်

ပထမလောလောဆယ်တွင် ခေတ်မီသံရည်ကျိုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် ဆက်စပ်ပြီး သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများဖြစ်သော လက်တွန်းထွန်စက်ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းသုံး ကုန်တင်ယာဉ်ငယ် ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုလုပ်ငန်း၊ ဘတ်စ်ကားနှင့် ကုန်တင်ကားထုတ်လုပ်မှုလုပ်ငန်း၊ ဆန်စက်ငယ်နှင့် ရေအားလျှပ်စစ်တာဘိုင်အငယ်စားထုတ်လုပ်မှုလုပ်ငန်းစသည့် စက်မှုလုပ်ငန်းများသည် အရည်အသွေးရှိရှိ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း။

ယင်းသို့ အရည်အသွေးရှိရှိ တိုးတက်ထုတ်လုပ်နိုင်အောင်လည်း သက်ဆိုင်ရာ စက်မှုဇုန်တာဝန်ခံများနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများက အနီးကပ် ဆက်စပ်ညှိနှိုင်းပေးရမည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းကိစ္စများကို မိမိကိုယ်တိုင် ဖြေရှင်းသွားနိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်သွားအောင် နိုင်ငံတော်အပိုင်းက တာဝန်ကျေကျေ စောင့်ရှောက်ကူညီပြီး တွန်းတင်ပေးမည်ဖြစ်ပါကြောင်း။

ဒုတိယပိုင်းတွင် ကျန်သည့်စက်မှုဇုန်များသည်လည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရန် ဖြစ်ပါကြောင်း၊ ခေတ်မီသံရည်ကျိုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် ဆက်စပ်ပြီး ကျန်စက်မှုဇုန်များ၌ရှိသည့် စက်မှုနည်းပညာ အားပြုထားသော

✳ စက်မှုဇုန်များကို အခြေခံပြီး ပုဂ္ဂလိက စက်မှုလုပ် ငန်းကို တွန်းတင်သွားရာ၌ စက်မှုဇုန်များအားလုံး တစ်ပြိုင်တည်း တိုးတက်လာဖို့ပင်ဖြစ်။

✳ ခေတ်မီစက်ကိရိယာပစ္စည်းများ ရှိနေပြီဖြစ်သည့်အတွက် ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ ငွေကြေးနှင့် ဈေးကွက်ရရှိရေးသည် အထူးအရေးကြီး။

✳ စက်ရုံအလုပ်ရုံများကို နိုင်နိုင်နင်းနင်း အုပ်ချုပ်စီမံရာ၌ စီးပွားရေး သဘောအရ လွတ်လွတ်လပ်လပ်လည်းရှိရမည်။

✳ စက်မှုဇုန်အလိုက် ထူးခြားအောင်မြင်နာမည်ရသော စက်မှုကုန် ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးတို့ကို ပိုင်ပိုင်နိုင်နိုင် ထုတ်လာနိုင်သည့် အဆင့်ရောက်အောင် အားပေးပျိုးထောင်။

✳ တိုင်းရင်းသား ပုဂ္ဂလိကအပြင် ရာနှုန်းပြည့် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြား ပုဂ္ဂလိက စက်မှု လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်အားပေး။

စက်မှုလုပ်ငန်းများသည်လည်း တိုးတက်လာ
အားဖြင့် ကြိုတင်သုံးသပ်နိုင်ပါကြောင်း။

သို့သော်လည်း ဤနေရာ၌ စက်မှုဇုန်အ
Talent)ကို ရှာဖွေဖော်ထုတ်ပေးပြီး လက်တွေ့
ပါကြောင်း။

စက်မှုဇုန်အလိုက်တည်ရှိနေသည့် အ
အင်အား၊ လုပ်ငန်းရှင်အမျိုးအစားအင်အားမျ
ကောင်းသည့် စက်မှုလုပ်ငန်းများကို အားပေးမြ
အားလုံး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း
အလိုက် ထူးခြားအောင်မြင်နာမည်ရသော
နှစ်မျိုး၊ သုံးမျိုးတို့ကို ပိုင်ပိုင်နိုင်နိုင် ထုတ်လာ
အားပေးပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း၊ စ
တုံ့နှေးနေမည်ဆိုလျှင် နောက်ပိုင်း၌ စက်မှုဇုန် အ
ကြီးမားသွားမည်ဖြစ်ပါကြောင်း၊ အငယ်စားန
လုပ်ငန်းများ တိုးတက်လာရန် ရည်မှန်းချက်မ
ကြောင်း။

ခြုံလိုက်ပါက မိမိ၏ ဆွေးနွေးချက်များသ
တိုးတက်ရေး၊ စက်မှုဇုန် သုံးဇုန်ရှိသည့်
စဉ်ဆက်မပြတ် စက်ပစ္စည်းများထုတ်လုပ်နိုင်
တည်း တိုးတက်ရေးတို့အတွက် စဉ်းစားသ
ပါကြောင်း။

စက်စွမ်းအားပြည့်ထုတ်

ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်း အခြေခိုင်
မှလည်း ရေရှည်၌ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးမည်
အခြေအနေအရလည်း နိုင်ငံတော်အပိုင်းက နိုင်
များကို အသစ်ထပ်မံတည်ဆောက်ဦးမည်
ထူထောင်ထားသည့် စက်ရုံများစက်စွမ်းအားပြည
အလေးပေးဦးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပုဂ္ဂလိကစက်မှုကဏ္ဍ၌ တိုး
ရင်းနှီးထားပြီးသည့် လုပ်ငန်းများကိုလည်း
အောင် အားပေးလမ်းပြရမည်ဖြစ်ပါကြောင်း၊
ရာနှုန်းပြည့် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့်
လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်အားပေးရ

သို့မှလည်း နိုင်ငံတော်အကြီးအကဲ
စက်မှုကဏ္ဍ၏ တိုးတက်မှု အရှိန်အဟုန်က
ဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြ

အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင် မောင် ကျော် Mould and Die စက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ခာတ်ဆီနှင့် ဒီဇယ်သုံး မော်တော်ယာဉ်များအား CNG သုံး အင်ဂျင်များအဖြစ် ပြောင်းလဲ တပ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

တီထွင်ထုတ်လုပ်ထားသည့် လက်တွန်းထွန်စက် အစိတ်အပိုင်းများ ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တီထွင်ထုတ်လုပ်ထားသည့် လက်တွန်းထွန်စက် အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စက်မှုလုပ်ငန်းများသည်လည်း တိုးတက်လာရမည်ဖြစ်သည်ဟု ယေဘုယျအားဖြင့် ကြိုတင်သုံးသပ်နိုင်ပါကြောင်း။

သို့သော်လည်း ဤနေရာ၌ စက်မှုဇုန်အလိုက်ရှိနေသည့် (Industrial Talent)ကို ရှာဖွေဖော်ထုတ်ပေးပြီး လက်တွေ့ကျကျ အားပေးနိုင်ရန်အရေးကြီးပါကြောင်း။

စက်မှုဇုန်အလိုက်တည်ရှိနေသည့် အတတ်ပညာအင်အား၊ ငွေကြေးအင်အား၊ လုပ်ငန်းရှင်အမျိုးအစားအင်အားများကို အခြေခံပြီးအလားအလာကောင်းသည့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်မှုလည်း စက်မှုဇုန်များအားလုံး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်မည်ဆိုလျှင် စက်မှုဇုန်အလိုက် ထူးခြားအောင်မြင်နာမည်ရသော စက်မှုကုန် ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးတို့ကို ပိုင်ပိုင်နိုင်နိုင် ထုတ်လာနိုင်သည့် အဆင့်ရောက်အောင် အားပေးပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန်များ တိုးတက်ရေးတွင် တုံ့နှေးနေမည်ဆိုလျှင် နောက်ပိုင်း၌ စက်မှုဇုန် အချင်းချင်းအကြား ကွာဟချက်မှာ ကြီးမားသွားမည်ဖြစ်ပါကြောင်း၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်လာရန် ရည်မှန်းချက်မှာလည်း အလှမ်းဝေးသွားနိုင်ပါကြောင်း။

ခြုံလိုက်ပါက မိမိ၏ ဆွေးနွေးချက်များသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်း တိုးတက်ရေး၊ စက်မှုဇုန် သုံးဇုန်ရှိသည့် ခေတ်မီသံရည်ကျိုအလုပ်ရုံများ စဉ်ဆက်မပြတ် စက်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ စက်မှုဇုန်အားလုံး တစ်ပြိုင်တည်း တိုးတက်ရေးတို့အတွက် စဉ်းစားသင့်သည်များကို တင်ပြခြင်းဖြစ်ပါကြောင်း။

စက်စွမ်းအားပြည့်ထုတ်လုပ်ရေး

ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်း အခြေခိုင်မာပြီး တိုးတက်အောင်လုပ်နိုင်မှလည်း ရေရှည်၌ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း၊ လောလောဆယ် အခြေအနေအရလည်း နိုင်ငံတော်အပိုင်းက နိုင်ငံပိုင်စက်ရုံ အလုပ်ရုံအကြီးစားများကို အသစ်ထပ်မံတည်ဆောက်ဦးမည် မဟုတ်သေးဘဲ တည်ဆောက်ထူထောင်ထားသည့် စက်ရုံများစက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေးကိုပင် အလေးပေးဦးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပုဂ္ဂလိကစက်မှုကဏ္ဍ၌ တိုးချဲ့ထူထောင်ရင်းနှီးလာအောင်၊ ရင်းနှီးထားပြီးသည့် လုပ်ငန်းများကိုလည်း လမ်းကြောင်းမှန်ပေါ်ရောက်အောင် အားပေးလမ်းပြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသား ပုဂ္ဂလိကအပြင် ရာနှုန်းပြည့် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြား ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်အားပေးရမည်ဖြစ်ပါကြောင်း။

သို့မှလည်း နိုင်ငံတော်အကြီးအကဲ တာဝန်ပေးထားသည့်အတိုင်း စက်မှုကဏ္ဍ၏ တိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင် မောင် ကျော် Mould and Die စက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဓာတ်ဆီနှင့် ဒီဇယ်သုံး မော်တော်ယာဉ်များအား CNG သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

အားပေးပံ့ပိုးနေ

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ယနေ့သည်နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်နေသော ကာလဖြစ်ပါကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က စက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် အားပေးပံ့ပိုးနေပါကြောင်း။

စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှုတွင် စက်မှုဇုန်များ မထူထောင်မီ ၃၁-၃-၁၉၉၅ နေ့ရှိ မှတ်ပုံတင်စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ တည်ထောင်ပြီး ၃၁-၃-၂၀၀၅ ရက်အထိ တိုးတက်မှုအခြေအနေကို နှိုင်းယှဉ်ကြည့်ရာ (၁၀)နှစ်ကာလအတွင်း လုပ်ငန်းပေါင်း ၁၁၈၉၅ ခု တိုးတက်လာသည်ကိုတွေ့ရှိရပါကြောင်း။

ထုတ်လုပ်မှုတန်ဖိုးတိုးတက်

ထုတ်လုပ်မှုတန်ဖိုးအနေဖြင့် ၂၀၀၁-၂၀၀၂ခုနှစ်က ငွေကျပ်သန်းပေါင်း ၁၁၈၄၃ ဒသမ ၄၆ ရှိခဲ့ရာမှ ၂၀၀၅ခုနှစ် မတ် ၃၁ရက်တွင် ငွေကျပ်သန်းပေါင်း ၂၈၅၇၃၆ ဒသမ ၄၅ နှင့် အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၃၈ သန်းရှိနေပြီဖြစ်ရာ ငွေကျပ်သန်းပေါင်း ၂၅၃၈၉၂ ဒသမ ၉၉ နှင့် အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၃၈ သန်း တိုးတက်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း။

ထို့အတူ စက်မှုလုပ်ငန်းတွင် ယခုအခါ လုပ်သားအင်အား ၁၅၂၇၅၄ ဦးရှိနေပြီဖြစ်ရာ ၈၂၃၂၃ဦး တိုးတက်လုပ်ကိုင်နိုင်ပြီ ဖြစ်ပါကြောင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုအခြေအနေနှင့် စက်မှုဇုန် တိုးတက်ဖြစ်ပေါ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဝန်ကြီးဦးအောင်သောင်းက စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအား သမားရိုးကျ ထုတ်လုပ်နေမှုများကို ခေတ်မီနည်းပညာမြင့်မားသော ကုန်ထုတ်လုပ်လာနိုင်စေရန်အတွက် နိုင်ငံတော်က အမေရိကန်ဒေါ်လာငါးသန်း ပံ့ပိုးကူညီမှုဖြင့် မန္တလေး၊ မုံရွာ၊ တောင်ကြီး(အေးသာယာ) စက်မှုဇုန်များ၌ သံရည်ကျို၊ ပုံထောင်း၊ ပုံလောင်း၊ ပုံဖိ၊ စက်ခုတ်စား စက်ပစ္စည်းများ တင်သွင်းပြီး အလုပ်ရုံများ တည်ဆောက်ပေးမှုအခြေအနေ၊ ဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲသုံးစွဲတပ်ဆင်မှု အခြေအနေ၊ ဘတ်စ်ကား၊ ကုန်တင်ကား ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စက်ပစ္စည်းများရောက်ရှိမှု

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာနှင့် တောင်ကြီး (အေးသာယာ)စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံများနှင့် စပ်လျဉ်း၍ ပြည်ပမှ စက်ပစ္စည်းများရောက်ရှိမှု၊ သက်ဆိုင်ရာစက်မှုဇုန်များသို့ ပေးပို့မှုနှင့် တပ်ဆင်မှု၊ နည်းပညာဆိုင်ရာ အထောက်အကူပြုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က Mould and Die စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဓာတ်ဆီနှင့် ဒီဇယ်သုံး မော်တော်ယာဉ်များကို CNGသုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားရေးမှူး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က စက်မှုဇုန်များမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များအား စစ်ဆေးပြီးစီးမှု အခြေအနေနှင့် စစ်ဆေးတွေ့ရှိရချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

ယင်းနောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ CNG ကားများအဖြစ် ပြုပြင်ပြောင်းလဲသုံးစွဲရာ၌ နည်းစနစ်မှန်မှန်နှင့် မြန်မြန်ပြောင်းလဲသုံးစွဲရေး၊ မော်တော်ယာဉ် ထုတ်လုပ်မှုကို နည်းမှန်လမ်းမှန်ဖြင့် စည်းစနစ်ကျနစွာ ထုတ်လုပ်ရေး၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို ဦးစားပေး၍ သွက်လက်စွာထုတ်လုပ်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားလုပ်ကိုင်ဆောင်ရွက်ရေး၊ စက်မှုဇုန်အလိုက် အလုပ်ရုံဆွေးနွေးပွဲ အငယ်စားများ ပြုလုပ်ရေးတို့ကို ထပ်မံရှင်းလင်းမှာကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်လိုင်းကားများကို ဒီဇယ်သုံးကားများမှ သဘာဝဓာတ်ငွေ့သုံး (CNG) ကားများအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိရာ၌ အဆင်ပြေချောမွေ့စွာ ပြောင်းလဲပေးနိုင်ရေးအတွက် ညှိနှိုင်းစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အလိုက်တိုးတက်ရေး၊ ထူထောင်ထားသည့် သံရည်ကျိုအလုပ်ရုံများလည်ပတ်၍ စက်မှုပစ္စည်းများ ထုတ်လုပ်ရေး၊ (CNG) ကားများအဖြစ် ပြောင်းလဲသုံးစွဲရေးတို့ကို နိုင်ငံတော်အပိုင်းနှင့် ပြည်သူများအပိုင်းတို့က အပြန်အလှန်နားလည်မှုရှိရှိဖြင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော စက်မှုဇုန်များတွင် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တီထွင်ထုတ်လုပ်ထားသည့် လက်တွန်းထွန်စက် အစိတ်အပိုင်းများပြခန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ လေဟာနယ် သွန်းပုံနည်းဖြင့် ဒန်သတ္တုစပ် သွန်းထည်ပစ္စည်းများ ထုတ်လုပ်ခြင်းပြခန်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်၏ ကိုရီးယား သမ္မတနိုင်ငံသို့ တင်ပို့သည့် သွန်းလောင်းသံထည်ပစ္စည်းများ ပြခန်းနှင့် T&D ကုမ္ပဏီမှ ထုတ်လုပ်သော အီလက်ထရွန်းနစ်ပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

“သူရဲကောင်းများ ထွန်းကားသည်” မြဝတီရုပ်မြင်သံကြားမှ ထပ်မံပြသမည်

ရန်ကုန် ဧပြီ ၂၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “သူရဲကောင်းများ ထွန်းကားသည်” ရုပ်မြင်သံကြားဇာတ်လမ်းကို ပရိသတ်များ၏ တောင်းဆိုချက်အရ မြဝတီရုပ်မြင်သံကြားမှ အပိုင်းသုံးပိုင်းခွဲ၍ ဧပြီ ၂၇ရက် ၂၈ရက်နှင့် ၂၉ရက်များတွင် ရုပ်မြင်သံကြားသတင်းများအပြီး၌ ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြားဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း ရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုးရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် အကယ်ဒမီကျော်သူ၊ အကယ်ဒမီဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထပ်ဆင့်အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီ စိုးမြတ်နန္ဒာတို့နှင့် အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင် ရိုက်ကူးထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်းနံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၈:၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈:၁၅ ၈။ ဘော်ဘင်ရေလှောင်တမံ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးသရုပ်ဖော်အစီအစဉ်

၄:၅၀ ၅။ တေးဂီတအစီအစဉ်

၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
– ပထမနှစ်(ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)

၅:၁၅ ၇။ အကပဒေသာ

၅:၃၀ ၈။ မန်းချောင်းတံတား

၅:၃၅ ၉။ လက်ဆင့်ကမ်းပေးဂီတတေး

၅:၄၅ ၁၀။ မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ

၅:၅၅ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)

၆:၀၅ ၁၂။ Discovery.

၆:၁၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “မျှော်လင့်မင်းသူခွန်း” (အပိုင်း-၈၇)**

၆:၃၀ ၁၄။ ညနေခင်းသတင်း

၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၆။ တေးဂီတအစီအစဉ်

၇:၂၀ ၁၇။ စက်မှုစွမ်းအားခေတ်ကျော်လွှား

၇:၃၀ ၁၈။ တေးဂီတအစီအစဉ်

၇:၄၅ ၁၉။ ကြည်နူးချမ်းမြေ့ပျော်ရွှင်အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) (အပိုင်း-၁)

၈:၀၀ ၂၀။ ပြည်တွင်းသတင်း

၂၁။ နိုင်ငံတကာသတင်းများ

၂၂။ မိုးလေဝသအခြေအနေ

၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဟောမန်ဆောင်း၏ ချစ်သံစဉ်” (အပိုင်း-၁၁)**

၂၄။ နောက်တစ်နေ့အစီအစဉ်

၂၅။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းမှ ၂၀၀၅ ခုနှစ် ထူးချွန်ကြက်ခြေနီစာရင်းထုတ်ပြန်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီက ၂၀၀၅ ခုနှစ် ထူးချွန်ကြက်ခြေနီရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၃၈မြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရွေးချယ်ခံရသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ရွေးချယ်ခံရသော တပ်ဖွဲ့ဝင်များစာရင်းမှာ ကျောက်တံတားမြို့နယ်မှ သိန်းထွန်း(အုပ်ချုပ်သူ)၊ ကြည့်မြင်တိုင်မြို့နယ်မှ ဇော်ဝင်းပိုင်၊ ဒဂုံတက္ကသိုလ်မှ အောင်နိုင်၊ အဝေးသင်တက္ကသိုလ်မှ အောင်ပိုက်ထွန်း၊ ရွှေပြည်သာမြို့နယ်မှ မဟေမာသန်း၊ သဃ်န်းကျွန်းမြို့နယ်မှ ဝင်းထိုက်၊ အင်းစိန်မြို့နယ်မှ အောင်ဇေယျာဘုန်းမြင့်၊ မြောက်ဥက္ကလာပမြို့နယ်မှ ထွန်းထွန်းကြည်၊ တောင်ဥက္ကလာပမြို့နယ်မှ မောင်မောင်မြင့်၊ ရန်ကုန်တက္ကသိုလ်မှ မဖြူဝင်းစံ၊ အရှေ့ပိုင်းတက္ကသိုလ်မှ မသန်းသန်းဝင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ ဇော်မင်းထွဋ်၊ မင်္ဂလာဒုံမြို့နယ်မှ မစုမွန်ဟန်၊ လမ်းမတော်မြို့နယ်မှ အောင်ကျော်စိုး၊ လှည်းကူးမြို့နယ်မှ မျိုးမြင့်ဦး၊ တိုက်ကြီးမြို့နယ်မှ ဖြိုးသီဟ၊ သာကေတမြို့နယ်မှ ကျော်ဇင်လတ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ စိုးသီဟ၊ ဗဟန်းမြို့နယ်မှ မဝတ်ရည်ဖြိုး၊ ကော့မှူးမြို့နယ်မှ အောင်ခန့်ကျော်၊ အလုံမြို့နယ်မှ တင်အောင်ကျော်၊ မရမ်းကုန်းမြို့နယ်မှ ဇာနည်လင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ တင့်လွင်မိုး၊ သန်လျင်မြို့နယ်မှ မတင်တင်ခိုင်နှင့် ကမာရွတ်မြို့နယ်မှ ဖြိုးဝေဝင်းတို့ဖြစ်ကြသည်။ (သတင်းစဉ်)

● ကျောဖုံးမှ

စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်သည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်နု၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ (၁၁)လက်အောက်ခံတပ်ရင်း အမှတ်(၁၉) တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ်(၂၅) တပ်ရင်းမှူး ဦးခမ်းမွန်း၊ အမှတ်(၂၇)တပ်ရင်းမှူး ဦးပွမ်ဝမ်းအပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၁၇၆ဦးတို့လည်း တက်ရောက်ခဲ့ကြသည်။

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့မှ ဦးကျန်တဲဝမ်နှင့်အဖွဲ့၊ အထူးဒေသ(၃) အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောင်းနှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးဇော်ယောဉ်နှင့်အဖွဲ့၊ အထူးဒေသ(၇) ပီအက်စ်အယ်အေအဖွဲ့မှ ဦးအိုက်မုန်းနှင့်အဖွဲ့၊ ကချင်အထူးဒေသ(၂) ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့တို့လည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားပြီးနောက် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်နု၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်ရင်းမှူး ဦးပွမ်ဝမ်း၊ တပ်ရင်းမှူး ဦးခမ်းမွန်း၊ တပ်ရင်းမှူး ဦးစိုင်းဖုန်းတို့က ၎င်းတို့ကိုင်ဆောင်ခဲ့သော လက်နက်များကို ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ အသီးသီးအပ်နှံကြသည်။

SSNA တပ်မဟာ(၁၁)နှင့် လက်အောက်ခံတပ်ရင်းများက အပ်နှံသောလက်နက်များမှာ ၆၀မမ စိန်ပြောင်း လေးလက်၊ စက်လတ်မျိုးစုံ ကိုးလက်၊ ဒုံးပစ်လောင်ချာမျိုးစုံ ငါးလက်နှင့် ကျန်လက်နက်ငယ်မျိုးစုံ ၁၁၆လက်၊ လက်နက်ငယ် ကျည်မျိုးစုံ ၉၃၃၂ တောင့်၊ ဗုံးသီးမျိုးစုံ ၁၅၈လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၂၈လုံး၊ မိုင်းမျိုးစုံ ၆၄လုံး၊ TNTယမ်းတောင့် ၁၄၁ တောင့်၊ ကျည်ကတ်မျိုးစုံ ၁၉၄ခု၊ စက်လတ်ကျည်ခါးပတ်တွဲ ၂၂ ခုနှင့် အိုင်ကွန် စကားပြောစက် ၁၈လုံးတို့ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ပွဲ အပြီးတွင် သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာတွင် နေထိုင်လျက်ရှိသော ဦးကန်နုကို နေအိမ်တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ–

မေး။ ။ ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်ဖို့ကို ဘယ်သူတွေက တိုက်တွန်းခဲ့တာလဲဆိုတာ သိပါရစေခင်ဗျာ။

ဦးကန်နု။ ။ ဘယ်သူမှ တိုက်တွန်းလို့ မဟုတ်ပါဘူး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပါ။ စဉ်းစားခဲ့တာလဲကြာပါပြီ။ ရှင်းရှင်းပြောရရင် နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေမရှိတော့ဘူး၊ အရင်ကတော့ သံသယစိတ်တွေ ရှိခဲ့တယ်ပေါ့ဗျာ၊ ကျွန်တော်တို့က ဘယ်လိုပဲ သံသယစိတ်တွေရှိရှိ၊ နိုင်ငံတော်အစိုးရက တိုင်းရင်းသားညီအစ်ကိုတွေအပေါ် ကျောသားရင်သား မခွဲခြားဘူးဗျ၊ တောင်ပေါ်မြေပြန့် တစ်သွေးတစ်သားတည်း သတ်မှတ်ပြီး မျှမျှတတဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ပေးနေတာ နေ့စဉ်နဲ့အမျှ မြင်တွေ့လာခဲ့ရတယ်။ အဲဒီမှာ သံသယတွေ ကင်းစင်ပပျောက်လာခဲ့ရတယ်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ကျောသား ရင်သား မခွဲခြား တောင်ပေါ်မြေပြန့် တစ်သွေးတစ်သားတည်း မျှမျှတတဖွံ့ဖြိုးရေးလုပ်ပေးနေ

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာအောင် နေ့ချင်း၊ ညချင်း အရှိန်အဟုန်နဲ့ လုပ်ဆောင်ပေးနေတာ မျက်မြင်ကိုယ်တွေ့ပဲ၊ ကျွန်တော်တို့ လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးပြီး အစိုးရကို ဆန့်ကျင်ခဲ့တာ (၂၉)နှစ်လောက်ရှိပြီ၊ ပြည်သူလူထုတွေအတွက် ဘာမှလုပ်မပေးနိုင်ခဲ့ဘူး၊ လက်နက်ကိုင်ပြီး ဆန့်ကျင်နေလို့ မဖြစ်တော့ဘူးဆိုတာ နားလည်လာတယ်၊ ကျွန်တော်တို့ လက်နက်ကိုင်ပြီး ဆန့်ကျင်ခဲ့တာကြာလာတာနဲ့အမျှ ပြည်သူတွေကို နှိပ်စက်ရာ ရောက်နေတယ်၊ ဒေသဖွံ့ဖြိုးဖို့အတွက်လည်း နှောင့်နှေးစေခဲ့တယ်၊ ဒေသခံပြည်သူတွေကလည်း ကျွန်တော်တို့ လက်နက်ကိုင်

အခု ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင် လဲလှယ်ကြပြီဆိုတာသိရတော့ အလွန်ကြီးမားတဲ့ဆုလာဘ်ကြီးရသလို ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမိတယ်။
(ဒေါက်တာဖြူဖြူ၊ လက်ထောက်ဆရာဝန်၊ သိန်းနီဆေးရုံ)

နေတာကို မကြိုက်ကြဘူး၊ သူတို့အတွက်လည်း ဘာမှ မည်မည်ရရ လုပ်မပေးနိုင်ခဲ့ဘူး၊ ပြည်သူလူထုတွေဆီက အခွန်အခတွေ၊ ဆက်ကြေးတွေတောင်းပြီး ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေရဲ့ဘဝကို ရပ်တည်ခဲ့ရတယ်၊ ဒါ့ကြောင့် မှားယွင်းတဲ့လုပ်ရပ်တွေပဲလို့ သိမြင်လာလို့ နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေကို သံသယမရှိ အကြွင်းမဲ့ယုံကြည်လာတဲ့အတွက် အခုလို ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင် လဲလှယ်ခဲ့တာပါ။

မေး။ ။ ဒီကနေ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို ဘယ်လိုမြင်ပါသလဲ။

ဦးကန်နု။ ။ ဒီကနေ့ နိုင်ငံတော်က ကျင်းပနေတဲ့ အမျိုးသားညီလာခံကရေးဆွဲနေတဲ့ အခြေခံမူတွေက "တစ်ချိန်က ကျွန်တော်တို့ လိုလားတောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာ မခွဲခြားဘဲ ကွာဟမှုအနည်းဆုံး အခွင့်အရေးတွေရရှိမှာဖြစ်တဲ့ အတွက်" ထောက်ခံပါတယ်။

မေး။ ။ ငြိမ်းချမ်းရေးနဲ့လက်နက်လဲလှယ်ခဲ့တဲ့နေ့က မြင်တွေ့ရတဲ့မြင်ကွင်းနဲ့ ဦးကန်နုရဲ့ ခံစားမှုကိုလဲ သိပါရစေ။

ဦးကန်နု။ ။ အဲဒီနေ့က မြင်ကွင်းကတော့ အလွန်ပဲ ကြည်နူးမိတယ်၊ ပြည်သူတွေက နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကြတယ်၊ သူတို့က ကျွန်တော်တို့ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်လိုက်တာကို တော်တော်ဝမ်းသာကြတယ်၊ ကျွန်တော်တို့ကြောင့် သူတို့ဝန်ထုပ်ဝန်ပိုးတွေ မဖြစ်တော့ဘူးဆိုတာ သိသွားကြပြီ၊ ကျွန်တော်တို့ကို ပန်းကုံးတွေဘာတွေစွပ်ပြီး ကြိုဆိုခဲ့ကြတာလေ၊ ဒီလိုခံစားချက်မျိုး အရင်ကမခံစားခဲ့ဖူးလေတော့ တော်တော်လေး ခံစားလိုက်ရတယ်။

မေး။ ။ လက်နက်ကိုင်လမ်းစဉ်ကို ဘယ်အချိန်ကစပြီး ကျင့်သုံးခဲ့တာလဲ၊ ဘာ့ကြောင့် ကျင့်သုံးခဲ့တာလဲဆိုတာကိုလဲ ရှင်းပြပေးစေချင်ပါတယ်။

ဦးကန်နု။ ။ ၁၉၇၆ခုနှစ်ကစပြီး လက်နက်ကိုင် လမ်းစဉ်ကို ကျင့်သုံးပြီး အစိုးရအဆက်ဆက်ကို ဆန့်ကျင်ခဲ့တာပါ၊ အဲဒါကလဲ ကိုလိုနီအမွေဆိုးလို့ ပြောရမှာပါ၊ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်အာဏာအုပ်စိုးမှု အစွဲအလမ်းတွေကြောင့် အတွေးအခေါ် ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးပြီး မှားယွင်းတဲ့လုပ်ရပ်တွေ လုပ်ခဲ့မိတယ်၊ လူမျိုးရေးအမြင်လည်း ကျဉ်းမြောင်းခဲ့တယ်၊ အခုတော့ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။

မေး။ ။ နိုင်ငံတော်က ဘာတွေကူညီပံ့ပိုးမှုတွေပေးမယ်လို့ သိထားရပါသလဲ၊ ဘာတွေများရပြီးပါသလဲဆိုတာသိပါရစေ။

ဦးကန်နု။ ။ ကျွန်တော်တို့စီးပွားရေးလုပ်မယ်၊ အဓိက စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်မယ်၊ မြေလွတ်မြေရိုင်းတွေ ဖော်ထုတ်ပြီးလုပ်မယ်၊ နိုင်ငံတော်ကလည်း အားပေးမယ်၊ ပံ့ပိုးမှုတွေပေးမယ်၊ စက်ယန္တရားကြီးတွေနဲ့ကူညီမယ်၊ စက်သုံးဆီတွေ ပေးမယ်လို့ သိရပါတယ်၊ ဧပြီ ၁၂ရက်နေ့မှာတော့ ကျွန်တော်တို့ SSNA တပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆန်အိတ် ၁၆၀၊ ဆီပိဿာ ၆၀၊ ဝတ်စုံ ၂၅၀၊ ကွဲနွားအကောင် ၂၀ နဲ့ ကျပ်ငွေ သိန်း ၂၀တို့ကို ဂုဏ်ပြုထောက်ပံ့ခဲ့ပါတယ်။

အလားတူပါပဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှာ ရှိကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ကျွန်တော်တို့ အဖွဲ့ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာမှာ အသုံးပြုနိုင်ဖို့အတွက် ငွေကြေးများ ကျပ်ငွေသိန်းပေါင်း၂၂၀ ဂုဏ်ပြုပေးအပ်လှူဒါန်းကြပါတယ်၊ ကမ္ဘောဇဘဏ်လီမိတက်က သိန်း ၅၀၊ အေးရှားဝေါကုမ္ပဏီလီမိတက်က သိန်း ၃၀၊

ဦးကန်နုတို့ နေထိုင်သည့် ကွန်ကောက်ကျေးရွာ။

ငွေစင် ကုမ္ပဏီက သိန်း ၃၀၊ ကျားခေါင်း ကုမ္ပဏီက သိန်း ၂၀၊ အေသုံးလုံးကုမ္ပဏီက သိန်း ၂၀၊ စိုစိုပြည်ပြည်ကုမ္ပဏီက သိန်း ၂၀၊ ငွေရည်ပုလဲကုမ္ပဏီက သိန်း ၂၀၊ လားရှိုးမြို့ပေါ်မှ စီးပွားရေးလုပ်ငန်းရှင်များက ၁၀သိန်း၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီက ၁၀သိန်း၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့က ၁၀သိန်းတို့ကို လက်ခံရရှိခဲ့ပါတယ်။

မေး။ ။ ဦးကန်နုတို့ရဲ့ ရှေ့လုပ်ငန်းစဉ်ရည်ရွယ်ချက်များကိုလည်း သိခွင့်ရှိရင် သိပါရစေခင်ဗျာ။

ဦးကန်နု။ ။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ရည်ရွယ်ချက်ကတော့ နိုင်ငံတော် အစိုးရနဲ့ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်မယ်၊ ကျွန်တော်တို့ရဲ့ မှားယွင်းခဲ့သောလုပ်ရပ်များအတွက် နားလည်ခွင့်လွှတ်ပေးခဲ့တဲ့ ဒေသခံပြည်သူများရဲ့ အကျိုးကိုလည်း သယ်ပိုးဆောင်ရွက်ပေးသွားမယ်၊ အလုပ်အကျွေးပြုသွားမယ်၊ ဒေသခံပြည်သူများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေးရဲ့အရသာကိုလည်း ပြည့်ပြည့်ဝဝရရှိအောင် ဖြည့်ဆည်းပေးသွားမယ်၊ သံသယတွေပျောက်ပြီး အမှန်ဘဝကိုရောက်လာကြတဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတဲ့အတွက် အားလုံးကိုကျေးဇူးတင်မိပါကြောင်းနဲ့ အလားတူ လက်နက်မစွန့်ကြသေးတဲ့ တိုင်းရင်းသား ညီအစ်ကိုများကိုလည်း သံသယတွေပျောက်ပြီး အမှန်ဘဝရောက်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဦးကန်နုကို တွေ့ဆုံမေးမြန်းမှုအပြီးမှာ SSNA တပ်မဟာ(၁၁) အမှတ်(၂၇)တပ်ရင်းမှူး ဦးပွမ်ဝမ်းကိုလည်း ဆက်လက်တွေ့ဆုံ မေးမြန်းခဲ့ရာမှာ–

မေး။ ။ ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ခြင်းနဲ့ ပတ်သက်ပြီး ဦးပွမ်ဝမ်းရဲ့သဘောထားကိုသိပါရစေခင်ဗျာ။

ဦးပွမ်ဝမ်း။ ။ အခုငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ခြင်းဟာ ကျွန်တော်တို့ခေါင်းဆောင်ရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ၁၉၈၅ခုနှစ်က ကျွန်တော်တို့ SSNA အဖွဲ့ဟာ ဥပဒေဘောင်အတွင်းကို ဝင်ရောက်ခဲ့ပေမယ့် လက်နက်တွေ စွဲကိုင်ထားခဲ့ပါတယ်။ လက်နက်စွဲကိုင်ထားပြီးတော့ ကျွန်တော်တို့အဖွဲ့ဟာ ပြည်သူတွေဆီက အခွန်အကောက်တွေ၊ ဆက်ကြေးတွေကောက်ခံပြီး ကျွန်တော်တို့ဘဝကို ရပ်တည်ခဲ့ပါတယ်။ အဲဒီတုန်းက ယုံကြည်မှုတည်ဆောက်ဆဲကာလဖြစ်လို့ လက်နက်တွေစွဲကိုင်ခဲ့တာပါ။ အဲဒီလက်နက်တွေ စွဲကိုင်ထားတော့ ပြည်သူတွေက စိုးရိမ်ကြောက်ရွံ့နေတဲ့ အနေအထားတွေဖြစ်ပေါ်နေခဲ့ပြီး ကျွန်တော်တို့ရဲ့ လက်နက်စွဲကိုင်မှုဟာ ပြည်သူတွေရဲ့အကျိုး၊ ဒေသရဲ့အကျိုးတွေကို အမှန်တကယ် သယ်ပိုးနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ မှားယွင်းတဲ့လုပ်ရပ်မျိုးကို နောက်နောင်မဖြစ်ရလေအောင် နေထိုင်သွားမယ်လို့ ဆုံးဖြတ်ပြီး လက်နက်တွေကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ရခြင်းဖြစ်ပါတယ်။

မေး။ ။ အဲဒီလို ငြိမ်းချမ်းရေးနဲ့ လက်နက် လဲလှယ်ခဲ့တဲ့နေ့မှာ ဦးပွမ်ဝမ်းတို့ ဘယ်လိုအဖြစ်အပျက်တွေနဲ့ တွေ့ဆုံခဲ့ရတယ်ဆိုတာ သိပါရစေ။

ဦးပွမ်ဝမ်း။ ။ အဲဒီနေ့က မြင်ကွင်းကတော့ တကယ်ကို ထူးကဲတဲ့ စိတ်ချမ်းသာမှုကို ခံစားခဲ့ရပါတယ်။ ဒေသခံပြည်သူတွေက ကျွန်တော်တို့ လက်နက်တွေအပြီးအပိုင် စွန့်လွှတ်တာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြတဲ့ မြင်ကွင်းကတော့ ကျွန်တော့်ဘဝမှာ မေ့မရနိုင်အောင် ဝမ်းသာမှု၊ စိတ်ချမ်းသာမှုတွေ ထူးထူးကဲကဲ ခံစားမိပါတယ်။ အဲဒီကျမှ ပြည်သူတွေအပေါ် စာနာမှု၊ နားလည်မှုထားရမှန်း သိလာပါတော့တယ်။ ဒေသခံပြည်သူတွေ နှစ်ပေါင်းများစွာ တောင့်တနေတဲ့ ဆန္ဒတွေဆိုတာသိလာရလို့ပါ။ ကျွန်တော်တို့ကို နားလည်ခွင့်လွှတ်ပြီး ညီရင်းအစ်ကိုလို ဆက်ဆံတဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာတွေ၊ ပံ့ပိုးကူညီမှုတွေကိုလည်း ကျေးဇူးတင်မိပါတယ်။

မေး။ ။ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အခု ဘာတွေလုပ်နေတယ်ဆိုတာရော သိပါသလား၊ သိသလောက်ရှင်းပြပေးစေချင်ပါတယ်။

ဦးပွမ်ဝမ်း။ ။ ဒီကနေ့ အချိန်အခါဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်အတွက် နိုင်ငံသားအားလုံးက လိုလားတောင့်တနေတဲ့ အချိန်ဖြစ်နေတာကို တွေ့ရပါတယ်၊ နိုင်ငံတော်အစိုးရကလည်း ပြည်နယ်၊ ပြည်မ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ကျွန်တော်တို့ လက်နက်ကိုင်ပြီး ဆန့်ကျင်ခဲ့တာကြာလာတာနဲ့အမျှ ပြည်သူတွေကို နှိပ်စက်ရာရောက်နေတယ်၊ ဒေသဖွံ့ဖြိုးဖို့အတွက်လည်း နှောင့်နှေးစေခဲ့တယ်၊ ဒါ့ကြောင့် မှားယွင်းတဲ့ လုပ်ရပ်တွေပဲလို့သိမြင်လာလို့ နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေကို သံသယမရှိ အကြွင်းမဲ့ယုံကြည်လာတဲ့အတွက် အခုလို ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့တာပါ။

[SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နု]

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ဆက်လက်ကျင်းပပြီး ကွာဟမှုအနည်းဆုံးနဲ့ တန်းတူ အခွင့်အရေးတွေရရှိအောင် အခြေခံမူများကို ဆွေးနွေးညှိနှိုင်းရေးဆွဲနေကြောင်း ကြားသိရတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့လုပ်ရပ်များနဲ့ စေတနာတွေကို ကျွန်တော်တို့ သံသယမရှိတော့ဘဲ အကြွင်းမဲ့ယုံကြည်လာပြီဖြစ်ပါတယ်။

[SSNA တပ်မဟာ(၁၁)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်း]

ကျွန်မဆရာဝန်ဖြစ်တော့ ကျွန်မတို့ မငြိမ်းချမ်းတဲ့ဒေသကို ဘယ်ဆရာဝန်ကမှ မသွားချင်ကြဘူး ဆိုတာသိရတော့ ကျွန်မပဲ ဒေသကိုပြန်ပြီး ဆေးရုံမှာ တာဝန်ထမ်းဆောင်ခွင့် တောင်းခံခဲ့တာပါ။

(သိန်းနီမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဖြူဖြူ)

အခုငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင်လဲလှယ်လိုက်တော့မှပဲ ကျွန်တော်တို့ မျှော်မှန်း ခဲ့တဲ့ ငြိမ်းချမ်းရေးအရသာကို ပြည့်ပြည့်ဝဝခံစားရတော့မှာပါ။

(စယ်အူကျေးရွာမှ တောင်သူလယ်သမား ဦးစိုင်းခမ်းတီ)

စစ်မှန်တဲ့ ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှုရရှိတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။

(စယ်အူကျေးရွာမှ ဒေါ်နန်းစိုင်ပေါင်း)

အရင်တုန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းက အခွန်အခတွေ ကောက်တယ်၊ ဆက်ကြေးတွေ ကောက်တယ်၊ ကျွန်တော်တို့က ရတဲ့ဝင်ငွေထဲကပေးခဲ့ရတယ်။

(ဗန်နားကျေးရွာမှ လယ်သမား ဦးစိုင်းခိုင်ဝင်း)

SSNA **တပ်မဟာ(၁၁) အခြေပြုခဲ့သည့် စယ်အူကျေးရွာ။**

ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်မှု ပြည်သူများအဖို့ အလွန်ကြီးမားသည့် ဆုလာဘ်ကြီးရသည့်နှယ်

☆ စာမျက်နှာ ၁၀ မှ

မခွဲခြားဘဲ တစ်ပြေးညီအခွင့်အရေးတွေ ချမှတ်နိုင်ဖို့အတွက် စနစ်တကျ ဆောင်ရွက်နေကြောင်း သိရပါတယ်၊ ဥပမာ- အားလုံးသိပြီးဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ဆက်လက်ကျင်းပပြီး ကွာဟမှုအနည်းဆုံးနဲ့ တန်းတူ အခွင့်အရေးတွေရရှိအောင် အခြေခံမူများကို ဆွေးနွေးညှိနှိုင်းရေးဆွဲနေကြောင်း ကြားသိရတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်

ကျွန်တော်တို့ မျှော်မှန်းခဲ့တဲ့ငြိမ်းချမ်းရေးရဲ့အရသာကို ပြည့်ပြည့်ဝဝ ခံစားရတော့မှာပါ။
(ဦးစိုင်းခမ်းတီ၊ ဒေသခံလယ်သမား၊ စယ်အူကျေးရွာ)

များနဲ့ စေတနာတွေကို ကျွန်တော်တို့ သံသယမရှိတော့ဘဲ အကြွင်းမဲ့ယုံကြည်လာပြီ ဖြစ်ပါတယ်။

မေး။ ။ တခြားလက်နက်ကိုင် တိုင်းရင်းသားညီအစ်ကိုတွေကို ဘာများတိုက်တွန်းချင်ပါသလဲ။

ဦးပွမ်ဝမ်း။ ။ ကျွန်တော်တို့ခေါင်းဆောင် ဦးကန်နဦးစီးတဲ့ SSNA တပ်မဟာ(၁၁) အနေနဲ့ ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင်လဲလှယ်ခြင်းကို ဦးဦးဖျားဖျားလုပ်ဆောင်နိုင်ခဲ့တာကို ဂုဏ်ယူမိပါတယ်။ ဒါ့ကြောင့် အခြားသော လက်နက်ကိုင် တိုင်းရင်းသား ညီအစ်ကိုတွေကိုလည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကြပါလို့ လှိုက်လှဲစွာ ဖိတ်ခေါ်လိုပါတယ်။ ဒါမှ ပြည်သူတွေရဲ့ရင်တွင်းက ဆန္ဒမွန်တွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ကျွန်တော် ယုံကြည်မိပါကြောင်း ပြောကြားလိုက်ရပါတယ်။

ထို့နောက် ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးဖြစ်သည့် သိန်းနီမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဖြူဖြူအား သိန်းနီမြို့တွင် သွားရောက်တွေ့ဆုံ မေးမြန်းရာ-

မေး။ ။ ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင်လဲလှယ်တဲ့ SSNA အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ပြည်သူတစ်ဦး အနေနဲ့ ဘယ်လို ခံစားရတယ်ဆိုတာ သိပါရစေခင်ဗျာ။

ဒေါက်တာဖြူဖြူ။ ။ ကျွန်မက ရှမ်းတိုင်းရင်းသူ တစ်ဦးပါ၊ ကျွန်မနာမည်အပြည့်အစုံက နန်းဖြူဖြူလို့ ခေါ်ပါတယ်၊ ကျွန်မအသက်(၃၁)နှစ် ရှိပါပြီ၊ ရှမ်းပြည်နယ် သိန်းနီမြို့မှာ ကျွန်မကို မမွေးခင်ကတည်းက ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်စနစ် အမွေဆိုးတွေကြောင့် ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကိုချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေ ဖြစ်ခဲ့ပါတယ်၊ ကျွန်မမွေးပြီး လူမှန်းသိစ အရွယ်မှာပဲ ဆိုးရွားလှတဲ့ ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်၊ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေးလွှားလွှား ကျီးလန့်စာစား နေခဲ့ရတာပါ၊ ဒီလိုတွေ့ကြုံခံစားရတဲ့ဒုက္ခတွေ ဘယ်တော့ပြီးဆုံးပြီး ငြိမ်းချမ်းမယ်ဆိုတာကို စိတ်ကူးတောင် မယဉ်ရဲခဲ့ပါဘူး၊ မလုံခြုံတဲ့ဘဝ၊ မအေးချမ်းတဲ့ဘဝနဲ့ ရင်သန်ရပ်တည်ခဲ့ရပါတယ်၊ အခု ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင် လဲလှယ်ကြပြီဆိုတာသိရတော့ အလွန်ကြီးမားတဲ့ ဆုလာဘ်ကြီးရသလို ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမိပါတယ်။

မေး။ ။ အရင်အဖြစ်အပျက်တချို့ကို ပြောပြနိုင်ရင် ပြောပြပေးစေချင်ပါတယ်။

ဒေါက်တာဖြူဖြူ။ ။ အရင်တုန်းက မငြိမ်းချမ်းသေးတော့ အိမ်ကလူတစ်ဦးဦး အချိန်တန်လို့ အိမ်ပြန်မရောက်ရင် တော်တော်ပဲစိုးရိမ်ပူပန်ရတယ်၊ အသက်အန္တရာယ်ကို စိုးရိမ်ရတယ်၊ သွားချင်ရာသွားလို့မရ၊ သွားလိုရာ သွားခွင့်မရတဲ့ အခြေအနေမျိုးပါ၊ ကျွန်မကတော့ ဆေးတက္ကသိုလ်ကို ကျောင်းသွားတက်ရတဲ့အခါ မန္တလေးမြို့မှာ ငြိမ်းချမ်းစွာ နေရပေမယ့် စိတ်ချမ်းသာမှု ပျော်ရွှင်မှုမရှိခဲ့ပါဘူး၊ မငြိမ်းချမ်း မလုံခြုံတဲ့ဒေသမှာ ကျန်ရစ်ခဲ့တဲ့ မိဘဆွေမျိုးတွေအတွက် စိုးရိမ်ပူပန်ခဲ့ရတယ်၊ ကျွန်မဆရာဝန်ဖြစ်တော့ ကျွန်မတို့ မငြိမ်းချမ်းတဲ့ဒေသကို ဘယ်ဆရာဝန်ကမှ မသွားချင်ကြဘူး ဆိုတာသိရတော့ ကျွန်မပဲဒေသကိုပြန်ပြီး ဆေးရုံမှာ တာဝန် ထမ်းဆောင်ခွင့် တောင်းခံခဲ့တာပါ။

ကျွန်တော်တို့လယ်သမားတွေ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့ရှာဖွေရရှိတဲ့ ငွေကြေးကို ပြည့်ပြည့်ဝဝ သုံးနိုင်တော့မှာဖြစ်လို့ ချောင်လည်ကြတော့မှာပါ။
(ဦးစိုင်းခိုင်ဝင်း၊ ဒေသခံလယ်သမား၊ ဗန်နားကျေးရွာ)

မေး။ ။ အခုဒေါက်တာဖြူဖြူရဲ့ ပီတိဖြစ်နေတဲ့ မျက်နှာကိုတွေ့ရတော့ ရင်ထဲကခံစားချက်များရှိရင် ထုတ်ဖော်ပြောကြားပေးပါလား။

ဒေါက်တာဖြူဖြူ။ ။ ဟုတ်ကဲ့၊ ကျွန်မ အရမ်းဝမ်းသာပီတိဖြစ်ရပါတယ်၊ ကျွန်မ မိဘ၊ ဘိုးဘွားတွေ မခံစားခဲ့ရတဲ့ ငြိမ်းချမ်းမှုနဲ့ စစ်မှန်သော ဘဝလုံခြုံမှုတွေကို ခံစားရတော့မှာမို့ ကျေနပ်ဝမ်းသာမှုဖြစ်ရပါတယ်၊ ဦးကန်နတို့အဖွဲ့က နိုင်ငံတော် အစိုးရနဲ့ ပူးပေါင်းလက်တွဲပြီး ဒေသဖွံ့ဖြိုးရေးတွေ လုပ်ကြတော့မယ်ဆိုတာသိရလို့ ကျွန်မတို့ဒေသဟာ နေ့ချင်းညချင်း တစ်ရှိန်ထိုး တိုးတက်ဖွံ့ဖြိုးလာတော့မယ်လို့ ယုံကြည်

ဝမ်းသာတယ်၊ အရမ်းဝမ်းသာတယ်၊ မသေခင် ငြိမ်းငြိမ်းချမ်းချမ်း နေရတော့မယ်။
(ဒေါ်အေးမာန်၊ ဒေသခံပြည်သူ၊ စယ်အူကျေးရွာ)

မိပါတယ်၊ ဒါ့ကြောင့် SSNA ဥပဒေဘောင်အတွင်း ဝင်တုန်းက ရောင်နီသန်းခဲ့တဲ့ ငြိမ်းချမ်းရေး လမင်းကြီးရဲ့ အလင်းရောင်ဟာ အခုတိမ်ကင်းစင်တဲ့ ငြိမ်းချမ်းရေးလမင်းရဲ့ အလင်းရောင်အောက်မှာ ကျွန်မတို့တစ်တွေ အေးချမ်း ပျော်ရွှင်စွာ ပြည့်ပြည့်ဝဝ နေထိုင်ခွင့်ရရှိတော့မှာဖြစ်လို့ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်ရှင်။

ဆက်လက်၍ စယ်အူကျေးရွာရှိ ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ရာတွင် တောင်သူလယ်သမား တစ်ဦးဖြစ်သည့် ဦးစိုင်းခမ်းတီက "လက်နက်ကိုင် တိုင်းရင်းသားတွေ ဥပဒေဘောင်အတွင်းကို စတင်ဝင်ရောက်စဉ်တုန်းကတော့ အေးချမ်းပြီ၊ ငြိမ်းချမ်းပြီလို့ ထင်ခဲ့မိပါတယ်၊ ဒါပေမယ့် လက်နက်တွေစွဲကိုင်ထားတော့ ပြည့်ဝတဲ့ငြိမ်းချမ်းရေးကို မခံစားခဲ့ရပါဘူး၊ အခုငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်လိုက်တော့မှပဲ ကျွန်တော်တို့ မျှော်မှန်းခဲ့တဲ့ ငြိမ်းချမ်းရေးအရသာကို ပြည့်ပြည့်ဝဝခံစားရတော့မှာပါ၊ ဦးကန်နတို့က လက်နက်တွေအပြီးအပိုင်စွန့်လိုက်တဲ့အတွက် ဘယ်တုန်းကမှ မမျှော်မှန်းရဲခဲ့တဲ့ ဆုလာဘ်ကြီးတစ်ခုကို ရရှိလိုက်သလို ပျော်ရွှင်ဝမ်းသာစွာ ခံစားခဲ့ရပါတယ်။

ထို့နောက် စယ်အူကျေးရွာမှ အသက်(၆၀)ကျော်ရှိ ဒေသခံတိုင်းရင်းသူ ဒေါ်အေးမာန်ကလည်း ရှမ်းဘာသာစကားဖြင့် စကားပြန်မှတစ်ဆင့် ပြောကြားခဲ့ရာ "ဝမ်းသာတယ်၊ အရမ်းကိုဝမ်းသာတယ်၊ မသေခင် ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး နေရတော့မှာဖြစ်လို့ ဦးကန်နတို့ကို ကျေးဇူးတင်ပါတယ်"

စယ်အူကျေးရွာမှ ရှမ်းတိုင်းရင်းသူ အသက်(၃၂)နှစ်အရွယ်ရှိ ဒေါ်နန်းစိုင်ပေါင်းကလည်း ကလေးချီ၍ ပြောကြားခဲ့သည်မှာ "စစ်မှန်တဲ့ ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှု ရရှိတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်၊ အထူးသဖြင့် ဒီကလေးကြီးလာရင် တစ်ခုခုဖြစ်သွားမလားဆိုတဲ့ စိုးရိမ်ပူပန်မှုမရှိတော့တဲ့အတွက် ရင်အေးရပါပြီ၊ သားသမီးတွေရဲ့ အနာဂတ်အတွက် ပါ စိတ်ချရပြီ၊ စိတ်အေးရပြီဆိုတော့ ငြိမ်းချမ်းခြင်းရဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံစားရတော့မှာပါ"

ဆက်လက်၍ ဗန်နားကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ အသက် (၄၅)နှစ် အရွယ်ရှိ ဦးစိုင်းခိုင်ဝင်းကလည်း "ကျွန်တော်က ဒီဒေသမှာ ကြီးပြင်းလာတာဆိုတော့ အရင်တုန်းက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းက အခွန်အခတွေ ကောက်တယ်၊ ဆက်ကြေးတွေ ကောက်တယ်၊ ကျွန်တော်တို့က ရတဲ့ဝင်ငွေထဲကပေးခဲ့ရတယ်၊ အခုငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်လိုက်တော့ ကျွန်တော်တို့ လယ်သမားတွေ ဝမ်းသာပျော်ရွှင်မိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရှာဖွေရရှိတဲ့ငွေကြေးကို ပြည့်ပြည့်ဝဝ သုံးနိုင်တော့မှာဖြစ်လို့ ချောင်လည်ကြတော့မှာပါ၊ သဘောထား ကြီးစွာနဲ့ ခွင့်လွှတ်လက်ခံပြီး ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင်လဲလှယ်ခွင့်ပြုခဲ့တဲ့ နိုင်ငံတော်အစိုးရ (တပ်မတော်အစိုးရ)ကိုလည်း ကျေးဇူးတင်မိပါတယ်၊ ကျွန်တော်တို့ အနေနဲ့ကလည်း SSNA အဖွဲ့ကို နားလည်ခွင့်လွှတ်စွာနဲ့ နွေးနွေးထွေးထွေး ကြိုဆိုခဲ့ပါတယ်"

ဒေသခံတိုင်းရင်းသားပြည်သူလူထုများ၏ ရင်တွင်းမှဆန္ဒများကို တွေ့ဆုံမေးမြန်း၍ ရသမျှ တင်ပြလိုက်ရပါသည်။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဒီကလေးကြီးလာရင်တစ်ခုခု ဖြစ်သွားမလားဆိုတဲ့ စိုးရိမ်ပူပန်မှု မရှိတော့တဲ့အတွက် ရင်အေးရပါပြီ။
(ဒေါ်နန်းစိုင်ပေါင်း၊ ဒေသခံပြည်သူ၊ စယ်အူကျေးရွာ)

(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ပြောကြားခဲ့သည့် အမှာစကားတွင် "စယ်အူကျေးရွာ အခြေပြု SSNA တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်န ခေါင်းဆောင်သော ညီအစ်ကိုအားလုံးကိုလည်း ညမှောင်မှောင် လရောင် မလင်းတလက်ကြားက လမ်းစပျောက်တော့မည့် ဆဲဆဲ ညီငယ်တွေအပေါ် လမ်းကြောင်းမှန် တစ်ခုတည်း တစုတစည်း ရောက်ရှိလာအောင် ညီညီညွတ်ညွတ် စည်းရုံး လုပ်ဆောင်ပေးနိုင်ခဲ့ကြသည့်အတွက် မိုးကောင်းကင်မှာ လပြည့်ညလဝန်းကြီးနှင့်အတူ ထူးထူးခြားခြားလင်းလက်တောက်ပနေသည့် ဦးဆောင်လမ်းပြမှုဝံကြယ်ပမာ တင်စားဂုဏ်ပြုလိုပါကြောင်း" ဖြင့် ပြောကြားခဲ့လေရာ SSNA မှ ဦးကန်နတို့လို မှားယွင်းသော လုပ်ရပ်များဖြင့် လမ်းမှားလိုက်နေသူများကိုလည်း လမ်းဖွင့်၍ ကြိုဆိုနေကြောင်း ပေါ်လွင်လှပေသည်။ သို့ဖြစ်၍ သံသယတွေ ပျောက်ပြီး အမှန်ဘဝကိုရောက်အောင် ဆက်လက်ကြိုးပမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောက်ကြီးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီဆောင်ရွက်ရန် မှာကြား



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ကျောက်ကြီးမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၄

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့် စေတီတော်ဌာပနာတော်သွင်း ၊ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီးနောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ကျောက်ကြီးမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းက ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးနိုင်မှု အခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်၌ မိုးစပါးနှင့် နွေစပါး တိုးတက်စိုက်ပျိုးထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ကြံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ မြို့နယ်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကဏ္ဍလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လက်တွဲဆောင်ရွက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်မှာ နယ်မြေအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ်တွင် မူတည်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို ချမှတ်၍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည် ဖော်လျက်ရှိကြောင်း၊ ကျောက်ကြီးမြို့နယ်မှ ဒေသခံများအနေဖြင့် နယ်မြေဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ရေးအတွက် အေးချမ်းတည်ငြိမ်မှု ရှိစေရန် နိုင်ငံတော်နှင့်လက်တွဲ၍ ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး အခြေခံသည် စိုက်ပျိုးမွေးမြူရေးဖြစ်ရာ အဓိကသီးနှံ၁၀မျိုး၊ နှစ်ရှည်သုံးမျိုးနှင့် အမယ်သစ်သီးနှံသုံးမျိုးတို့အနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုး၍ လည်းကောင်း၊ ဒေသကြက်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍကို တိုးချဲ့၍လည်းကောင်း ဆောင်ရွက်မှ ဒေသစီးပွားရေး ဖွံ့ဖြိုးလာနိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံတော် စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ ခုတွင် ပါဝင်သည့် ပဲခူးတိုင်းအတွင်းရှိ ပဲခူး၊ ပြည်နှင့် တောင်ငူတို့တွင် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်၍ လည်းကောင်း ပဲခူးတိုင်းအတွင်း အခြေခံပညာကျောင်းများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်းနှင့် ခေတ်မီနည်းပညာများ သင်ကြားရေးတို့ကို လည်းကောင်း ဆောင်ရွက်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောက်ကြီးမြို့နယ်သည် စစ်တောင်းမြစ်အရှေ့ခြမ်းတွင် တည်ရှိပြီး ဖွံ့ဖြိုးမှုနှေးကွေးနေသည့် မြို့နယ်တစ်ခုဖြစ်ရာ ဌာနဆိုင်ရာများသည် ဒေသခံပြည်သူများနှင့် လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးကို ယခုထက် ပိုမိုတိုးတက်စေရန် တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၃ နာရီတွင် ကျောက်ကြီးမြို့ နယ်မြေခံတပ်ရင်းရှိ စုဝေးခန်းမသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဖူးမြော်ကြည်ညို

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ညနေပိုင်းတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့ ကေလာသဘတောင်ပေါ်တွင် နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော မြတ်စွာဘုရား ခြေဆေးကန်စေတီတော်သို့သွားရောက်၍ ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရှင်သီဝလိ ရဟန္တာမြတ်၏ ခြေတော်ရာကို ဖူးမြော်ကြည်ညိုကြပြီး ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မြတ်စွာဘုရားခြေဆေးကန် စေတီတော်အား လှည့်လည်ကြည်ညိုကြပြီး စေတီတော် ပြုပြင်မွမ်းမံမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ငါးထပ်ကြီး ရုပ်ရှင်တော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းသံဃနာယကအဖွဲ့ ဗဟိုဝန်ဆောင် ခြေတော်ရာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိ အမှူးပြုသော ဆရာတော် သံဃာတော်များအား သွားရောက် ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။ ထို့နောက် ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ငါးထပ်ကြီး ရုပ်ရှင်တော်မြတ်ကြီး၏ ဝေယျာဝစ္စအတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောက်ကြီးတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဦး က လက်ခံသည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တီလားပီးယားငါးဈေးပွဲတော်

နေ့ရက်။ ၃၀-၄-၂၀၀၅ မှ ၁-၅-၂၀၀၅ ထိ(၂)ရက်

အချိန်။ ၀၅း၃၀ နာရီ မှ ၂၁း၀၀ နာရီထိ

နေရာ။ ငါးလုပ်ငန်းအဖွဲ့ချုပ်
ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်
အနောက်ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ်

ရောင်းချမည့်ဆိုင်များ။ တီလားပီးယားငါးအကင်ဆိုင်(၂)ဆိုင်
တရုတ်နည်းဖြင့်ချက်ပြုတ်မည့်ဆိုင်(၃)ဆိုင်
မြန်မာရိုးရာဟင်းဆိုင်(၂)ဆိုင်
ထိုင်းနည်းဖြင့်ချက်ပြုတ်မည့်ဆိုင်(၂)ဆိုင်
ငါးခေါက်ဆွဲနှင့်ငါးကြော်ဆိုင်(၃)ဆိုင်
မုန့်ဟင်းခါးဆိုင်(၂)ဆိုင်



တီလားပီးယားငါးအသားလွှာ၊ငါးအစုံရောင်း
ငါးဆုပ်လုံးများကိုလည်းအသင့်ချက်ပြုတ်စားသုံးနိုင်ရန်
ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချသွားပါမည်။

ငါးဈေးပွဲတော်သို့ဝင်ကြေးမရှိ
လာရောက်ဆင်နွှဲနိုင်ပါသည်။



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံနှင့် ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စစ်ဆေး တန့်ကြည့်တောင် စိမ်းလန်းစိုပြည်ရေး စစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၂ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာကြရာ ပုဂံ-ညောင်ဦးလေဆိပ်သို့ နံနက်၁၁နာရီတွင်ရောက်ရှိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုဂံ-ညောင်ဦးလေဆိပ်မှ ဆက်လက်ထွက်ခွာလာကြရာ မကွေးတိုင်း ပခုက္ကူမြို့နယ် တန့်ကြည့်တောင်ဆိပ်ကမ်းသို့ ရေယာဉ်ဖြင့်ရောက်ရှိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့အား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မကွေးတိုင်းပခုက္ကူမြို့နယ် ကျွန်းချောင်းရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)သို့ရောက်ရှိကြရာ စက်ရုံမှူးဦးစိန်ကျော်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စက်ရုံမှူးဦးစိန်ကျော်သန်းကစက်ရုံတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဓာတ်ငွေ့ရရှိမှုနှင့် ကုန်ထုတ်လုပ်မှု၊ ဓာတ်မြေသြဇာဖြန့်ဖြူးမှုနှင့်စက်ရုံ၏ လက်ရှိအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ယန္တရားများပြုပြင်ရေး၊ စက်ရုံအားမွမ်းမံပြုပြင်နေမှုတို့နှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဓာတ်ငွေ့ရည်ခွဲထုတ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ကျွန်းချောင်းသို့ရောက်ရှိလာရာ စက်ရုံမှူးဦးအောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးဦးအောင်ဝင်းက စက်ရုံတည်ဆောက်မှု၊ တပ်ဆင်ထားသည့်စက်အမျိုးအစား၊ နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့်ဒေသများ စသည်တို့ကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှာ၈ ဒသမ ၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် Duel Fuel Gas Turbine စက်သုံးလုံး တပ်ဆင်ထားပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အားယူနစ်သန်းပေါင်း ၄၇၅၆၆၈ ကီလိုဝပ်နာရီထောင်ပေါင်း ထုတ်လုပ်ပေးလျက်ရှိသည်။ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို စလေ၊ ဝါခီး၊ ကျွန်းချောင်းနှင့် ညောင်ပင်ကြီးရှိစက်ရုံများနှင့်ပခုက္ကူ၊ ရေစကြို၊ မုံရွာ၊ ဆားလင်းကြီး၊ ယင်းမာပင်နှင့် ပုလဲမြို့နယ်များသို့ ထုတ်လွှတ်ဖြန့်ချိပေးလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ရုံဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူ-ဆိပ်ဖြူလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တန့်ကြည့်တောင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးထွန်းလွင်က စိုက်ခင်းတည်ထောင်ပြီးစီးမှု၊ သဘာဝ တောထိန်းသိမ်းမှု၊ ရေရရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

သစ်တောစိုက်ခင်းများ ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပခုက္ကူ-ဆိပ်ဖြူလမ်း ၃၁မိုင်ရှိသဘာဝထိန်းသိမ်းတော စိုက်ခင်း၊ ၃၄မိုင်ရှိ ၂၀၀၀-၂၀၀၁ခုနှစ်တွင် လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသော စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ၃၆မိုင်ရှိ ၂၀၀၂ခုနှစ်တွင်စိုက်ပျိုးခဲ့သည့် ဧက ၄၀၀ တောင်တန်းစိုက်ခင်းနှင့် ဆိပ်ဖြူမြို့နယ်ရှိ ၂၀၀၄-၂၀၀၅ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် တန့်ကြည့်တောင်ကာကွယ်တော ဧက ၂၅၀၀ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆိပ်ဖြူမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ညနေ ၃ နာရီခွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များရှင်းလင်းမှာကြားသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တာဝန်ရှိသူများ မကွေးတိုင်း ပခုက္ကူမြို့နယ် ကျွန်းချောင်းရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအမှတ် (၂)ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှက ဆိပ်ဖြူမြို့၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးနိုင်မှု အခြေအနေ၊ ကျေးလက်ဆည်ငယ်များပြုလုပ်၍ လယ်ယာမြေများ ရေရရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့်မကွေးတိုင်းဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆိပ်ဖြူမြို့နယ်ရှိကျေးရွာပေါင်း ၁၃၈ရွာ၌ရွာတိုင်းတွင်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ကျန်ရှိနေသေးသော ကျေးရွာများတွင် စက်ရေတွင်းတူးဖော်ရေး၊ ယခုနှစ်တွင် ဆက်လက်၍ စနစ်တကျ စီမံအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျေးလက်ဆည်ငယ်များအား ဌာနဆိုင်ရာများက အချိန်မီပြီးစီးရေး ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည်ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မြို့နယ်ကျန်းမာရေးမှူးဒေါက်တာကံလှိုင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များအားလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆိပ်ဖြူမြို့ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိလာရာ အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်နီနှင့် ဆိုင်တာဝန်ခံ ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အထွေထွေမန်နေဂျာဦးမောင်နီ၊ ဆိုင်တာဝန်ခံဦးသန်းအောင်တို့က ဝင်းသူဇာအရောင်းဆိုင်မှ နေ့စဉ်ရောင်းချမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဝင်းသူဇာအရောင်းဆိုင်၌ ရောင်းချလျက်ရှိသည့် အမှတ် (၁)စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ထုတ်လုပ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ကြွေထည်နှင့် ကြွေရည်သုတ်ပစ္စည်းများ၊ စာရေးကိရိယာနှင့်မောင်မြန်မာစက်ဘီးများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

တဲကြီးရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ပခုက္ကူလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာအနီးရှိ တဲကြီးရေလှောင်တမံသို့ ရောက်ရှိလာကြရာ မကွေးတိုင်းဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ညွှန်ကြားရေးမှူးဦး တင်ဝင်းက တဲကြီးရေလှောင်တမံဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တဲကြီးရေလှောင်တမံ ရေထုတ်ပြွန်နှင့် ဆည်အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တဲကြီးရေလှောင်တမံသည် မိကျောင်းချောင်းအားပိတ်၍ တည်ဆောက်ထားပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျား ပေ၁၃၅၀၊ တမံအမြင့် ၂၇ ပေရှိပြီး လယ်ယာမြေဧက ၁၅၀ အား ရေပေးဝေနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆိပ်ဖြူ-ပခုက္ကူလမ်းနှင့် ဆိပ်ဖြူ-ကန်တော-ပေါက်လမ်း လမ်းဆုံသို့ရောက်ရှိပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်လိုချောင်းရေလှောင်တမံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ကန်တော-ပေါက်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့်ထွက်ခွာလာကြရာ ညနေ ၅ နာရီခွဲတွင် မကွေးတိုင်းဆိပ်ဖြူမြို့နယ် လက်ဆည်ရွာအနီးရှိ ဝန်လိုချောင်း ရေလှောင်တမံသို့ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဝန်လိုချောင်းရေလှောင်တမံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဝန်လိုချောင်းရေလှောင်တမံမှာ ရေဆင်း ရှစ်စတုရန်းမိုင်ရှိပြီး ဝန်လိုချောင်းပေါ်တွင် တည်ဆောက်ထားသည့် မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျား ပေ၁၁၀၀၊ အမြင့် ၂၉ ပေနှင့် ရေထုတ်ပြွန် ၂ ပေ x ၂ ပေ တစ်ပေါက်ရှိပြီး တူးမြောင်းအလျား နှစ်မိုင်ရှိသည်။ အကျိုးပြုဧကမှာ ဧက ၃၀၀ ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဆည်ရွာ ရွာသူ၊ ရွာသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး စိုက်ပျိုးရေးအခြေအနေများကို တွေ့ဆုံမေးမြန်း၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နွေစပါးစိုက်ပျိုးမှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သဘာဝအလျောက် ရေထွက်ပေါက်မှ ထွက်နေသည့် စိမ့်စမ်းရေဖြင့် လယ်မြေများ၌ နွေစပါးစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ကန်တော-ပေါက်ကျောက်ထုလမ်းအတိုင်းဆက်လက်ထွက်ခွာလာကြရာလမ်းတွင် လက်ဆည်ရွာအနီး သဘာဝစိမ့်စမ်းရေမှထွက်သည့် စိမ့်စမ်းရေဖြင့် နွေစပါး စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးပြီး စီးဆင်းနေသည့် စိမ့်စမ်းရေများ အလဟဿ မဖြစ်စေရေးအတွက် ချောင်းအောက်လက်တွင် တစ်ဖက်ပိတ်ဆည်တည်ဆောက်ပြီး စိုက်ပျိုးဧကတိုးတက်စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မကွေးတိုင်း ကျောက်ထုမြို့သို့ ည ၁၀ နာရီတွင် ရောက်ရှိပြီး ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၅ (တနင်္လာနေ့)

၇:၀၀။ အဖွင့် ယနေ့အစီအစဉ်
၇:၀၅။ ယဉ်ကျေးမှုတက္ကသိုလ်
၇:၂၀။ တေးဂီတအစီအစဉ်
၇:၂၅။ နိုင်ငံတကာသတင်း
၇:၃၀။ UEFA Stories Euro1972
၈:၁၀။ တေးဂီတအစီအစဉ်
၈:၁၅။ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိဖို့ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့
၈:၂၅။ ပြည်တွင်းသတင်း
၈:၃၀။ ဂီတဆည်းဆာတေးသံသာ
၉:၁၅။ နိုင်ငံတကာသတင်း
၉:၂၀။ Say It In English
၉:၃၀။ ပြည်တွင်းသတင်း
၉:၃၅။ မိုးလေဝသခန့်မှန်းချက်
၉:၄၀။ တေးဂီတအစီအစဉ်
၉:၄၅။ ကပ်တဲလ်ကြိုးတံတား
၉:၅၅။ အခြေခံပန်းချီမိတ်ဆက်
၁၀:၄၀။ တေးဂီတအစီအစဉ်
၁၀:၄၅။ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညို
၁၁:၀၀။ အပိတ်

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



မူဝါဒလိုက်ကာစက်မှုကဏ္ဍ ပိုမိုတိုးတက်လာအောင် အလေးထားအားပေး စက်စွမ်းအားရှိသည့်အတိုင်း အချိန်ပြည့်လည်ပတ်နိုင်ရန် အထူးအရေးကြီး အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်

ရန်ကုန် ဧပြီ ၂၄

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်တိုင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ ယနေ့ ညှိနှိုင်းအစည်းအဝေးသည် ၂၀၀၅ခုနှစ်၌ ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတိုင်းမှာလည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး ညှိကြ၊နှိုင်းကြ၊အဖြေရှာကြ လုပ်ခဲ့ကြတာဖြစ်ပါကြောင်း၊ ယင်းသို့ တိုက်တိုက်တွန်းတွန်းလုပ်ခဲ့ကြသည့်အတွက် စက်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ သိသိသာသာ မြင့်မားနေတာဖြစ်ပါကြောင်း။

ပြီးခဲ့သည့်လေးနှစ်တွင် တစ်နှစ်ပျမ်းမျှ ၂၄ရာခိုင်နှုန်းခန့် အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့ပါကြောင်း၊ ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ယခုနှစ်၌ ၂၇ဒသမ၅ရာခိုင်နှုန်း တိုးတက်ရမည်ဟုလည်း လျာထားပြီးဖြစ်ပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

အမှာစကားပြောကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၄-၄-၂၀၀၅

မုံရွာ၊မကွေးနှင့် မြင်းခြံ

၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

မန္တလေး၊ ညောင်ဦးနှင့် မင်းဘူး

၄၃ ဒီဂရီစင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

သံသယတွေပျောက်လို့ အမှန်ဘဝကိုရောက်ကြပါပြီ မှားယွင်းသောလုပ်ရပ်များနှင့် လက်နက်ကိုင်ဆန့်ကျင်ခြင်းကိုစွန့်လွှတ်

နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေကို သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာတဲ့အတွက် အခုလို ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်ခဲ့တာပါ။

[SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်န]

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–သောင်းဝင်းဗိုလ်

ရန်ကုန် ဧပြီ ၂၄

မင်္ဂလာရှိသောနေ့–၂၀၀၅ခုနှစ် ဧပြီလ ၁၂ရက် အင်္ဂါနေ့၊ ဒေသခံပြည်သူများ ပြုံးပျော်ကြည်နူး ဝမ်းသာပီတိဖြစ်ရသောနေ့ဟူ၍ ပူးတွဲသတ်မှတ်ရမည့်နေ့လည်းဖြစ်သည်။

ထိုနေ့တွင် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးသည့် တပ်မဟာ(၁၁)မှ တပ်ဖွဲ့ဝင် ၁၇၆ ဦးက ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ခြင်းကြောင့်ဖြစ်၏။ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)သည် ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သောအဖွဲ့ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခြင်းအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာတွင် ဧပြီ ၁၂ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ရာ ဒေသခံပြည်သူ ၃၀၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ●

လက်နက်တွေ အပြီးအပိုင် စွန့်လွှတ်တာကို ဒေသခံပြည်သူတွေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတဲ့မြင်ကွင်းကတော့ ကျွန်တော့်ဘဝမှာ မေ့မရအောင် ဝမ်းသာမှု၊ စိတ်ချမ်းသာမှုတို့ကို ထူးထူးကဲကဲ ခံစားလိုက်ရပါတယ်။

[SSNA တပ်မဟာ(၁၁)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်း]